http://www.dhammadownload.com

မဟာစည် ဆရာတော်

ဟောကြားတော်မူအပ်သော

# နှုတ်ဆက်မိန့်ခွန်းတရားတော်

---

၁၃၁၇-ခု၊

ဘိုးသင် နှင့် ဦးအုန်းမောင်
သာသနာ့ရိပ်သာ
ကုတ်ကိုင်း-ရန်ကုန်မြို့။

http://www.dhammadownload.com
MHS 000073

၁၃၁၄-ခု ဝါဆိုလဆန်း ၁၁-ရက်နေ့ ညတွင်

အသံသွင်း၍ ရွှေဘိုသို့ ပေးပို့လိုက်သော

မဟာစည် ဆရာတော် ဘုရား

၏

# နှုတ်ဆက် မိန့်ခွန်း တရားတော်

၁၃၁၇-ခုနှစ်။

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ
မဟာစည်ဆရာတော်ဘုရားကြီး၊ ပုံ

http://www.dhammadownload.com

## ၁၃၁၄-ခု၊ ဝါဆိုလဆန်း ၁၁-ရက်နေ့ ညတွင် အသံလွှင့်၍ ရွှေဘိုသို့ ပေးပို့လိုက်သော မဟာစည် ဆရာတော်ဘုရား၏

# နှုတ်ဆက် မိန့်ခွန်း တရားတော်

---

ယခု ဆရာတော်က ရန်ကုန်မြို့ သာသနာ့ ရိပ်သာက နေပြီးတော့ ဇာတိအရပ် ရွှေဘိုမြို့မှာ ရှိကြတဲ့ ဒါယကာ ဒါယိကာမများ ဆိပ်ခွန်ရွာမှာ ရှိကြတဲ့ တပည့်ဒါယကာ ဒါယိကာမများ ရဟန်းတော်များ အဲဒီ အားလုံးသော တပည့်ဒါယကာ ဒါယိကာမများ ရဟန်းတော်များအတွက် ဩဝါဒ မိန့်ခွန်းစကားကို ယခု ပြောကြား လိုက်ရမယ်၊ ဩဝါဒ မိန့်ခွန်းစကား ဆိုပေမယ့်လဲ ယခု ဘုန်းကြီး မှာ လောလောဆယ် ဖြစ်ပေါ်လာတဲ့ အကြောင်း ကလေး တွေနဲ့ တကွပေါ့လေ၊ ဆေးရုံက ဆင်းလာလို့ သာသနာ့ ရိပ်သာကို ရောက်တော့ တပည့်ဒါယကာ ဒါယိကာမတွေ အစုံအညီ ကန်တော့ကြတဲ့ အခါမှာ နှုတ်ခွန်းဆက် မင်္ဂလာ အနေနဲ့ ဩဝါဒတရားကလေး ဟောသွားတာကို ခုနကဘဲ ကြားသွားပြီး ဖြစ်ပါလိမ့်မယ်၊ အဲဒီ တရားထဲမှာ လိုနေသေး တာကလေးတွေကို ယခုဆက်ပြီးပြောသွားမယ်လို့ပါဘဲ၊

ဘုန်းကြီးမှာ အဖျားရောဂါနဲ့ ကျန်းမာရေး ချို့ယွင်းတဲ့ အတွက် ရန်ကုန် ဆေးရုံကြီးမှာ တက်ရောက်လို့ ဆေးဝါး ကုသပြီးနေရစဉ်အခါတုန်းကစိတ်ထဲမှာရပ်ရွာကဒါယကာ ဒါယိကာမတွေကိုလဲ အောက်မေ့ သတိရ တရားသဘော တွေကိုလဲ ဆင်ခြင်စဉ်းစားမိလို့ အဲဒီသို့ဖြစ်ခဲ့တဲ့အကြောင်း အရာကလေးတွေကိုယခုပြန်ပြောမယ်လို့ပါဘဲ၊ဘယ်လိုလဲ ဆိုလို့ရှိယင် အဲဒီလို ကျန်းမမာ ဖြစ်နေရာက တော်တော်

http://www.dhammadownload.com



နေထိုင်ကောင်းလို့ ကျန်းမာရေးကလေး တော်တော် ရလာတဲ့ အခါမှာ စိတ်ကူးတွေဟာ စိတ်ကူးတိုင်း စိတ်ကူးတိုင်း ဉာဏ်တွေက ပွင့်လင်း ပြီးဘော့ အခင်မတန် ကောင်းနေတယ်၊ နှလုံးသွင်းတိုင်း နှလုံးသွင်းတိုင်း တရားဘွေကလဲ ပေါ်နေသို့ ရပ်ရွာမှာရှိကြတဲ့ ဒါယကာ ဒါယိကာမတွေကို တရားဟောလိုတဲ့ စိတ်တွေ အများကြီးဘဲ ဖြစ်ခဲ့တယ်။

အဲဒီတုန်းက ကျန်းမာရေးက အတော်အသင့် ပြည့်စုံလို့ တော်တော် နေထိုင် ကောင်းနေ ပေမယ်လို့ ညဉ့်အခါ များမှာဆိုယင် အိပ်လို့ကတော့ ကောင်းကောင်း မပျော်ဘူး၊ အိပ်ပျော်စေတတ်တဲ့ ဆေးဝါးများကို စားသောက်မှီဝဲပေးမှ တညမှာ တနာရီ ၂-နာရီလောက်ဘဲ အိပ်ပျော်တယ်။ အိပ်မပျော်တဲ့ အချိန်ကဘဲများပါတယ်။ ဒီလို နေ့ရော ညရောအိပ်မပျော်ဘဲနိုးနေတဲ့အခါကများနေတော့ နေ့ရော ညရော မော်တော်ကားသံတွေ ရထားသံတွေ ဒီလို ဆူဆူညံညံ အသံတွေကို မပြတ်လိုလိုဘဲ ကြားနေရတယ်။ အဲဒီလို ကြားရတိုင်း ကြားရတိုင်း စိတ်ထဲမှာ ဘာတွေများ ပေါ်ပေါ်လာသလဲ ဆိုတော့ကာ........သဗ္ဗာ သေးပါး တရားတွေ အထူးသဖြင့်ပေါ်ပေါ်လာကြတယ်၊ အင်း........ယခုသွားလာနေကြတဲ့ လူတွေဟာ မိမိတို့ရဲ့ ချမ်းသာရာ ချမ်းသာကြောင်းတွေကိုရှာကြံပြီးနေကြ ရှာတာဘဲ။ ဒီလိုသွားရ၊ လာရ၊ လုပ်ရ၊ ကိုင်ရ၊ စားရ၊ သောက်ရနဲ့ မိမိတို့ ခန္ဓာကိုယ်ကို အမျိုးမျိုး မွေးမြူ ပြုစုပြီး နေကြရတာတွေဟာ လောကကြီးရဲ့ အထင်အမြင်နဲ့ ဆိုယင်တော့ ချမ်းသာတွေဘဲလို့ ထင်ပြီး နေကြတယ်။ အမှန်အားဖြင့်ဆိုလို့ရှိယင် ချမ်းသာခယ်လို့ ဘာတခု

မှု ရှိတာမဟုတ်ဘူး၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်တရား နာမ်တရား ဆင်းရဲတရားချည်းဘဲ ရှိတယ်၊ သေသေချာချာ စဉ်းစားကြည့်ယင် အမျိုးမျိုး မွေးမြူ ပြုရနေရ ကတဲကိုက မပြတ်ဖြစ်ပျက်နေလို့ဘဲ၊ ဒီလို မပြတ် ဖြစ်ပျက်နေလို့ အမျိုးမျိုးပြုရနေရတယ် ဆိုယင် ဘယ်ကောင်းတော့မလဲ ဆင်းရဲချည်းပေါ့၊ အကြမ်းစား အားဖြင့် တွက်ကြည့်မယ် ဆိုယင် အဲဒီသွားလာ နေကြရတာတွေဟာ ဘာကြောင့်လဲလို့ စဉ်းစားကြည့်ရမယ်၊ တချို့ကလဲ စီးပွားရေးနဲ့ ရှာဖွေရင်း သွားလာ နေကြရတာ ဖြစ်ပေလိမ့်မယ်၊ တချို့ကလဲ ပျော်ရေးပါးရေးနဲ့ သွားလာပြီး နေကြရတာ ဖြစ်ပေလိမ့်မယ်၊ တချို့ကလဲ ကိုယ်နဲ့ စပ်တဲ့ ပုဂ္ဂိုလ်တွေ မကျန်းမမာ ဖြစ်နေလို့အရေးတကြီးကိစ္စနဲ့ သွားလာနေကြရတာ ဖြစ်ပေလိမ့်မယ်၊ တချို့ကလဲဘဲ ကိုယ်ရေး ကိုယ်တာ အတွက် မကျန်း မမာဖြစ်နေလို့ကျန်းမာရေးအတွက် ရှာကြံယင်း သွားလာနေကြရတာဖြစ်ပေလိမ့်မယ်၊ တချို့ကလဲဘဲ ကိုယ်နဲ့စပ်တဲ့ ပုဂ္ဂိုလ်တွေ ဘေးဒုက္ခ အန္တရာယ်နဲ့ တွေ့နေလို့ အဲဒီ ဘေးဒုက္ခမှလွတ်မြောက်ရာ လွတ်မြောက်ကြောင်း ရှာကြံပြီး သွားလာနေကြရတာ ဖြစ်ပေလိမ့်မယ် စသည်ဖြင့် စဉ်းစား ကြည့်လိုက်တဲ့ အခါ ကာလမှာ အားလုံး တလှုပ်လှုပ် တရွရွနဲ့သွားလာ နေကြရတဲ့ သတ္တဝါတွေဟာ ဘယ်သူမှ သက်သာရာ မရဘဲနဲ့ တကယ့်ကို ဆင်းရဲ ဒုက္ခတွေနဲ့ တွေ့ပြီးတော့ နေကြတာပါကလားလို့ ဒီဟာ ဘုန်းကြီးရဲ့ ဉာဏ်ထဲမှာ ထင်မြင်ပြီးတော့ လာတယ်၊ ဒါက အကြမ်းဖျင်း ပြောရတာကို အနှစ်ချုပ်အားဖြင့် ဆိုလို့ရှိယင် ယခုလို သွားတဲ့

http://www.dhammadownload.com



လာတဲ့ အခါကာလမှာ စိတ်ကူးတွေ ဖြစ်တိုင်းဖြစ်တိုင်း အဲဒီ စိတ်ကူးကို မှီပြီးသကာလ လှုပ်ရှား ပြုပြင်တဲ့ ရုပ်တွေ ဖြစ်တယ်။ ဒီလို ဖြစ်တိုင်း ဖြစ်တိုင်း ဒီစိတ်တွေနဲ့ ဒီရုပ်တွေဟာ ခဏမစဲ ဖြစ်ပျက်ပြီး နေတဲ့ တရားတွေဖြစ်လို့ ဆင်းရဲတွေ ချည်းထဲဘဲ။ ဒါကြောင့် အဲဒီ သွားလာနေကြတဲ့ ပုဂ္ဂိုလ်တွေ အားလုံးရဲ့ သန္တာန်မှာ မပြတ်ဖြစ်ပျက်နေတဲ့တရားတွေဟာ ဆင်း ရဲ တွေ ချည်း ထဲ ဘဲ။ တလောကလုံးမှာ ရှိနေကြတဲ့ သတ္တဝါတွေ အားလုံးရဲ့ သန္တာန်မှာလဲ ဒီလို ဖြစ်ပျက်ပြီး နေတဲ့ တရားတွေဟာ ဆင်းရဲတွေချည်းထဲဘဲ။ ဒါတွေကို ဆင်းရဲမှန်း မသိကြတဲ့ အတွက်ကြောင့် သတ္တဝါတွေမှာ ယခုလိုသွားရ၊ လာရ၊ စားရ၊ သောက်ရ၊ နေရ၊ ထိုင်ရတာ တွေကိုလဲ ပျော်မွေ့စရာတွေလို့ ထင်နေကြတယ်။ ဒါတွေ ကိုဘဲ လူချမ်းသာတွေဘဲ၊နတ်ချမ်းသာတွေဘဲ၊ ဗြဟ္မာချမ်း သာတွေဘဲ၊ အင်မတန် ကောင်းတယ်လို့ ဒီလို ထင်မြင်ပြီး တော့ သာယာသိမ်းပိုက်ပြီးနေကြပြန်တယ်။အဲဒီလိုသာယာ သိမ်းပိုက်ပြီး ပျော်မွေ့နေ ဘာ သဘောကျနေတာက ဘာလဲ ဆိုလို့ရှိယင် သူက သမုဒယသစ္စာတရား-တဲ့။

အဲဒီ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ တရားတွေဟာ သတ္တဝါ တို့၏ သန္တာန်မှာ နေ့မစဲ ညမစဲ အမြဲမပြတ် ဖြစ်ပေါ်နေ တယ်ဆိုတာဟာ ရှေးကလဲ ထင်မြင် သဘောကျနေခဲ့တာ ပါဘဲ။ ဒါပေမဲ့ အဲဒီ နေမကောင်း ပြီးစ အခါမှာတော့ စဉ်းစားလိုက်တိုင်း အထူးသဖြင့်ကို ပေါ်လွင် ထင်ရှားပြီး နေတယ်။ ဒါကြောင့်အဲဒီတုန်းက အဲဒီလို ပေါ်လွင်ထင်ရှား နေတာတွေကို ပြည့်ပြည့်စုံစုံကြီး ဟောလို ပြောလိုတဲ့စိတ်

http://www.dhammadownload.com



တွေ အများကြီးဘဲ ဖြစ်ခဲ့တယ်။ အဲဒီ နေ့မစဲ ညမစဲ ဖြစ်ပျက်ပြီးနေတဲ့ ရုပ် နာမ် သင်္ခါရ တရား တည်းဟူသော ဒုက္ခသစ္စာ ဆင်းရဲတရားတွေနဲ့ အဲဒီ ဆင်းရဲတွေကိုဘဲ ချမ်းသာတွေ ပျော်စရာတွေလို့ ထင်ပြီး သာယာ နှစ်သက်နေတဲ့ သမုဒယသစ္စာ တရားတွေ၊ ဒီ ဒုက္ခသစ္စာနဲ့ သမုဒယ သစ္စာ တရားတွေ ရှိနေသမျှ ကာလပတ်လုံး မအေးချမ်းနိုင်ဘဲ ဖြစ်တာဘဲ။ ဒီသစ္စာတရား နှစ်ခုစလုံး ဘာမှမဖြစ်ပေါ်လာတော့ဘဲ လုံးဝ ငြိမ်းပြီး သွားတာကမှ ချမ်းသာ အစစ် အမှန် နိရောဓ သစ္စာဘဲ၊ နိရောဓ သစ္စာကို ဆိုက်ရောက်ပြီး မျက်မှောက် သိမြင်ဘို့ရာ မြတ်စွာဘုရား ဟောထားခဲ့တဲ့ မဂ္ဂင်ရှစ်ပါး တရားတွေဟာလဲ အလွန် အေးချမ်း သာယာတဲ့ နိဗ္ဗာန်ကို ရောက်ဘို့ရာ ဖြစ်တဲ့ အတွက် ချမ်းသာကြောင်း အစစ်အမှန်ဖြစ်တဲ့ တရားတွေဘဲလို့ ဆိုတာဟာ အဲဒီ ဆေးရုံမှာ တက်နေရတုန်းက အိပ်မပျော်တိုင်း အိပ်မပျော်တိုင်း စဉ်းစားဉာဏ်တွေထဲမှာ ပွင့်ပွင့် လင်းလင်းကြီး အလွန်ဘဲ ထင်ရှားပြီးနေခဲ့တယ်။ အဲဒီအတွင်းမှာဘဲ တနေ့ကျတော့........

အဲဒီ ဆေးရုံကြီးရဲ့ အနီး အပါးက သရက်တောတိုက်မှာ သီတင်းသုံးနေတဲ့ ဘောင်ဘီလူး ဆရာတော်ကြီးက သတင်းကြားတာနဲ့ ဆေးရုံကို ကြွလာပြီးတော့ ကြည့်ရှု မေးမြန်းလာတယ်။ အဲဒီဆရာတော်ကြီးက ဓမ္မလက်ဆောင် အဖြစ်နဲ့ ဂါထာကလေးတပုဒ်ကို ပါဠိသက်သက်ရွတ်ပြီးဟောတယ်။ သူ့မှာလဲ ရှေးတုန်းက မကျန်းမမာ ဖြစ်နေတဲ့အခါမှာ ဆရာတော်ကြီးတပါးက ဓမ္မလက်ဆောင်ကလေး ပေးဘူးသတဲ့၊ ဒါကလေးကို သူ့မှာအမြဲတမ်းမှတ်ပြီးတော့ ထားရတယ်တဲ့။

http://www.dhammadownload.com



အခု မဟာစည် ဆရာတော်ကိုလဲ ဒီမွေလက်ဆောင်ကလေး ပေးချင်တယ် ဆိုပြီးတော့ အဲဒီ ဂါထာကလေးကို ပါဠိ သက်သက် ၃-ခေါက်ရွတ်ပြီး ဟောပြတယ်။

အာဗာဓေ မေ သမုပ္ပန္နေ။
သတိ မေ ဥဒပဇ္ဇထ၊
အာဗာဓော မေ သမုပ္ပန္နော၊
ကာလော မေ နပ္ပမဇ္ဇိတုံ။ ။

ဒီ ဂါထာကလေးက ထေရဂါထာ ပါဠိတော်မှာ လာ တယ်။ ဥတ္တိယမထေရ် ဥဒါန်းကျူး ရွတ်ဆိုတဲ့ ဂါထာဘဲ။

အာဗာဓေ မေ သမုပ္ပန္နေ။
သတိ မေ ဥဒပဇ္ဇထ၊
အာဗာဓော မေ သမုပ္ပန္နော၊
ကာလော မေ နပ္ပမဇ္ဇိတုံ။ ။

ဒီလိုဆရာတော်ကြီးက ပါဠိ သက်သက်ရွတ်ပြီး ဟောပြ တော့ ဘုန်းကြီးကလဲ ဝမ်းမြောက် ဝမ်းသာနဲ့ ကျေးဇူး တင်ကြောင်း ပြန်ပြီး လျှောက်ရတယ်။ ဆရာတော် ယခု ရွတ်ပြတဲ့ မွေလက်ဆောင် ဂါထာကလေးဟာ အင်မတန် အဘိုးတန်ပါတယ်ဘုရား၊ သူ့ရဲ့ ဆိုသိုရင်းအနက်အဓိပ္ပာယ် ကလဲ အင်မတန်ဘဲ လေးနက် ပါတယ်။ မဂ်ဉာဏ် ဖိုလ် ဉာဏ် ရောက်လောက် ဘွန်ပြ ထားပါတယ်။ ဒီ ဓမ္မ လက် ဆောင် ဂါထာကလေးကို ကြားနာရတာဟာ အများကြီး ဝမ်းမြောက် ပါတယ် စသည်ဖြင့် ပြန် ပြောပြီးတော့ မိမိ ဉာဏ်ထဲမှာ ထင်မြင်တဲ့ အတိုင်း အနက် အဓိပ္ပာယ်များကို လဲ ဘုန်းကြီးကဘဲ ရှင်းလင်း ပြီး ပြန်လျှောက်ထားတယ်။

http://www.dhammadownload.com



ဆရာတော်ကြီးကလဲ ဝမ်းမြောက်ဝမ်းသာနဲ့ သာဓု ခေါ်ပြီး သွားတယ်။

အဲဒီ ဂါထာကလေးရဲ့ အနက် အဓိပ္ပာယ်ကို ယခု ထုတ်ပေါ်ပြီး ဟောရမယ်။ မကျန်းမမာ ရောဂါ ဝေဒနာ တခုခု ဖြစ်လာရင် သတိ ရလာတယ်တဲ့၊ ဘယ်လို သတိရလာသလဲဆိုလို့ရှိယင် ငါ့မှာ မကျန်းမမာ အနာရောဂါကတော့ဖြင့် ဖြစ်လာပြီ၊ ဒီလို မကျန်းမမာ အနာရောဂါ ဖြစ်လာတဲ့အခါမှာ မေ့မေ့လျော့လျော့နေဘို့ အခါကာလတော့ မဟုတ်ဘူး၊ မမေ့ မလျော့ အမှတ်ရနေဘို့ အခါကာလဘဲလို့ ဒီလို သတိ တရား ကလေး ဖြစ်လာတယ်တဲ့။ ဒါက သူ့ ဂါထာကလေးရဲ့ ဆိုလိုရင်း အတိုချုပ် လုံးရိုက် အဓိပ္ပာယ်တဲ့။ အဲဒါကို အကျယ် ဝေဖန်ပြီး ပြောရမယ်ဆိုရင်တော့ မကျန်းမမာ အနာရောဂါ ဖြစ်တဲ့ အခါမှာ သတိဖြစ်တယ်၊ အမှတ်ရတယ် ဆိုတာဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်ဖို့ရာ အကြောင်းဘဲ။ အဲဒီ သတိဖြစ်တယ် အမှတ်ရတယ် ဆိုတာကလဲ ၂-မျိုး ရှိတယ်။ ငါ့မှာ မကျန်းမမာ အနာ ရောဂါကတော့ ဖြစ်လာပြီ၊ ဒီရောဂါနဲ့ဘဲ သေချင်လဲ သေသွားနိုင်တယ်။ ဒါကြောင့် မသေခင်အတွင်း အားအင် ရှိနေတုန်းမှာ မြတ်စွာ ဘုရား၏ အဆုံး အမတော်ဖြစ်တဲ့ တရားဖြင့်ယင်, ပြည့်စုံသင့်သမျှ ပြည့်စုံသွားအောင် ရသင့်သမျှ ရသွားအောင် အားထုတ်မှဘဲလို့ ဟောဒီလို အမှတ်ရတဲ့ သတိတရားက တမျိုး၊ ဒီလို သတိတရားကတော့ ကုသိုလ်တရားတွေကို အားထုတ် ဖြစ်အောင် တိုက်တွန်း နှိုးဆော် ပေးတတ်လို့ သူ့ကို ကာရာပက သတိ တရားလို့ ခေါ်တယ်။

http://www.dhammadownload.com



ပြုလုပ်စေတဲ့ သတိတရား ပြုလုပ်အောင် တိုက်တွန်း စေခိုင်းတဲ့ သတိတရား အကြောင်းရင်းခံ သတိတရားလို့ ဆိုလိုတယ်။

ဒီအကြောင်း သတိတရားကလေး ဖြစ်ရုံနဲ့တော့ ကိစ္စကမပြီးသေးဘူး၊ ဒီအကြောင်း သတိကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးသတိကမှ လိုရင်းဖြစ်တယ်။ သူကတော့ တကယ့်ကို အလုပ်လုပ်တဲ့ သတိဘဲ။ ဒါကြောင့် သူ့ကိုတော့ ကာရက သတိလို့ ခေါ်ရတယ်။ အလုပ်သမား သတိလို့ ဆိုလိုတယ်။ အဲဒီသတိရဲ့ ဖြစ်ပုံကတော့........မကျန်းမမာ ရောဂါ ဝေဒနာတွေ နှိပ်စက်နေတဲ့ အခါကာလမှာ အဲဒီရောဂါ ဝေဒနာမှစပြီး သကာလ ထိုအခိုက်အတန့်ကာလ အတော အတွင်း မှာရှိပြီးဘော့နေတဲ့ ရုပ်တရား နာမ်တရားတွေကို ဖြစ်တိုင်း ပျက်တိုင်း ခဏမစဲလိုက်ပြီး မပြတ်မှတ်နေရတယ်။ ရောဂါ ဝေဒနာဘဲဖြစ်ဖြစ်၊ ကိုယ်အမူအရာ ရုပ်တရားဘဲ ဖြစ်ဖြစ်၊ စိတ်အမူအရာ နာမ်တရားဘဲဖြစ်ဖြစ်၊ ဘာကလေး တခုကိုမှ မမေ့မလျော့ဘဲ ရှုပြီး အမှတ် ရနေရတယ်။ ဒီလို မပြတ်မစဲ အမှတ်ရနေတာကို ခုနက ပြောခဲ့တဲ့ ကာရကသတိ အကျိုး သတိလို့ခေါ်တယ်။ ဒီအကျိုးသတိကတော့ အစဉ်အတိုင်း ပွားများပြီး သွားယင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို တခါထဲ ဆိုက်ရောက်သွားနိုင်ပါတယ်။

ဘယ်လိုလဲဆိုတော့.....ပကတိလူတွေမှာဆိုယင်မကျန်း မမာ ရောဂါဝေဒနာ ဖြစ်လာတဲ့အခါမှာ သတိတရားက မရဘူး၊ ဒါကြောင့် ငါ့မှာ ဈေးတုန်းကတော့ ချမ်းသာနေ တာဘဲ ကောင်းစားနေတာဘဲ အခုမှဘဲ မကျန်းမမာဖြစ်ပြီး

http://www.dhammadownload.com



တော့ ဆင်းရဲနေရတယ်၊ ဒုက္ခတွေနဲ့ တွေ့ပြီး နေရတယ်၊ ဆိုးလိုက်တဲ့ ရောဂါဝေဒနာတွေ ပျောက်ခဲလိုက်တာတွေ စသည်ဖြင့် ရောဂါဝေဒနာတွေနဲ့ ပေမယ့် သူက စိတ်ဆိုးပြီး နေတတ်တယ်၊ ကိုယ့်မှာ အလျှင်က ချမ်းသာနေလျက်သားနဲ့ အခုမှ မချမ်း မသာ ဖြစ်ရမလား၊ ဆင်းရဲရမလားလို့ ဒေါသတွေ ပွားပြီး နေတတ်တယ်၊ ဒီလို စိတ်ဆိုးပြီး ဒေါသတွေ ပွားနေရင် အဲဒီပုဂ္ဂိုလ်မှာသဘာတရားကင်းမဲ့ပြီးအမှတ်မရဘဲ ဖြစ်နေလို့ဘဲ၊ သူဟာသူ့အခိုက်အတန့်အားဖြင့်ဖြစ်ပျက်နေတဲ့ ရုပ်နာမ် သဘောတရားတွေကို သူက အစိုးရတဲ့ ငါကောင် သတ္တဝါကောင်လို့ ထင်နေတယ်၊ အရင်က ချမ်းသာနေတာလဲ ငါဘဲ၊ အခု ဆင်းရဲနေတာလဲ ငါဘဲလို့ သူက ဒီလိုထင်နေတယ်၊ ပြီးတော့ သူဟာသူ ဖြစ်ပျက်နေတဲ့ ဒုက္ခဝေဒနာတွေကို အစိုးမရပါဘဲနဲ့ သူက ချက်ချင်း ပျောက်သွားအောင်လို့ စိမ်ချင်တယ်၊ မျှော်လင့် တောင့်တနေတယ်၊ ရုပ်နာမ် တရားတွေက သူထင်တဲ့အတိုင်း အစိုးရတဲ့ အတ္တကောင်ကမဟုတ်တော့ သူ့အလိုအတိုင်း မဖြစ်ဘူး၊ ဒါကြောင့် သူက စိတ်ဆိုးနေတာဘဲ၊ ဒါဟာ ရုပ်နာမ်တွေကို ဖြစ်တိုင်း ပျက်တိုင်း အမှတ်ရပြီး အမှန်အတိုင်း မသိလို့ဘဲ၊

ယခု မြတ်စွာဘုရား၏ အဆုံးအမ ကို ကောင်းကောင်း ရယူထားတဲ့ ပုဂ္ဂိုလ်များမှာ ဆိုယင်တော့ ရောဂါဝေဒနာ စပြီး ဖြစ်လာ ကထဲက ဒီလို သတိတရား ရလာတယ်၊ အင်း........အဲဒီ ရောဂါ ဝေဒနာ အကြောင်း ပြုပြီးတော့ စိတ်ဆိုးခြင်း မရှိဘဲနဲ့ ဒီလို သတိတရား ရလာတယ်၊........အင်း ငါ့မှာ သေမင်း၏ စစ်သည်ဖြစ်တဲ့ ရောဂါဝေဒနာကြီးနဲ့ဖြင့်

http://www.dhammadownload.com



ချင်ဆိုင် တွေ့နေရပြီ၊ ငါ့ဘက်က ဆေးဆရာကြီးတွေနဲ့ ဆေးဝါး လက်နက်ကောင်းတွေကဘဲ အနိုင်ရမလား။ သေ ခင်းဘက်က ရောဂါကဘဲ အနိုင်ရမလား မသိဘူး၊ အဆင် မသင့်ယင် ရောဂါက အနိုင်ရပြီး၊ ဒီရောဂါနဲ့ဘဲ သေလဲသွား နိုင်တယ်။ ဒါကြောင့် မသေမီ အတွင်း တရားထူး တရားမြတ် တွေကို ရအောင် ငါ အားထုတ်မှဘဲလို့ ဆဲဒီလို သတိတရား တွေ ဖြစ်လာတယ်။ ဒါက ကမ္မဋ္ဌာန်းလက်ရှိ ယောဂီပုဂ္ဂိုလ် မှာ သတိတရား ရပုံကိုး။ ကမ္မဋ္ဌာန်းလက်မဲ့ဖြစ်တဲ့ သာမန် ပုဂ္ဂိုလ်တွေမှာတော့ ဒါလောက် အဆင့်အတန်းမြင့်အောင် မဖြစ်နိုင်ကြရှာပါဘူး။ သီလ ဆောက်တည်ဦးမှဘဲ၊ ပရိတ် နာဦးမှဘဲ၊ သင်္ကန်းသူဦးမှဘဲ၊ ဆွမ်းသွတ်ဦးမှဘဲ စသည် ဖြင့် ဒါလောက်ဘဲ သတိရပြီး ဒါနသီလလောက်ဘဲ ပြုနိုင် ကြရှာပါတယ်။ ကမ္မဋ္ဌာန်းလက်ရှိ ပုဂ္ဂိုလ်မှာတော့ ခုနက ပြောခဲ့တဲ့ အတိုင်း တရားမြတ်ကို ရသည် တိုင်အောင် အားထုတ်ဖို့ အဆင့်အတန်း မြင့်မြင့်နဲ့ သတိတရား ရလာ တယ်။ သို့ပေမယ့် ဒီလို သတိတရား ရရုံနဲ့လဲ ကိစ္စက မပြီး သေးပါဘူး။ ဆဲဒီလို သတိရတဲ့အတိုင်း မပြတ် အမှတ်ရပြီး တရားထူးကို ရသည်အထိ အားထုတ်သွားမှ ကိစ္စက ပြီးပါ တယ်။

ဒါကြောင့် ဆဲဒီလို သတိရလာတဲ့ ပုဂ္ဂိုလ်ဟာ မိမိ သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ မခံသာမှု ဝေဒနာကလေးတွေကို ဖြစ်တိုင်း ဖြစ်တိုင်း သူဖြစ်ပေါ်ရာမှာဘဲ ရှုးစိုက် ရှုးစိုက် ပြီးတော့ လိုက်မှတ်နေရပါတယ်။ နာယင်ဖြင့် နာတယ် နာ တယ်လို့ မှတ်နေရတယ်။ ကျဉ်ယင် ကျဉ်တယ်၊ ကိုက်ခဲ

http://www.dhammadownload.com



ယင် ကိုက်ခဲတယ်၊ အောင့်ယင် အောင့်တယ်၊ မောယင် မောတယ်၊ ပန်းယင် ပန်းတယ်၊ စသည်ဖြင့် အဲဒီ ကိုယ်ထဲက ဖြစ်ပေါ်နေတဲ့ ဝေဒနာကလေးတွေကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုးစိုက်ပြီး ရှုမှတ်နေရတယ်၊ သမာဓိဉာဏ်အား ပြည့်နေတဲ့ အခါမှာဆိုယင်၊ ဒီလို ရှူးစိုက်ပြီး မှတ်နေရာမှ ဟိုကိုယ်ထဲက မခံသာမှု ဝေဒနာကလေးတခုက ဖြစ်လာလိုက်ယင်း ဒီက မှတ်သိတဲ့စိတ်ကလေးတခုက ဖြစ်လိုက်ယင်း ဟိုက မခံသာမှု ဝေဒနာတခုက ဖြစ်လာလိုက်ယင်း ဒီကမှတ်သိတဲ့ စိတ်ကလေး တခုက ဖြစ်လိုက်ယင်းနဲ့ ဖြစ်တိုင်း ဖြစ်တိုင်း မခံသာတာ အခံရ ခက်တာကလေးတွေကို တပိုင်းစီ တပိုင်းစီ ပိုင်းခြားပြီးတော့ သိနေတယ်၊ ဝေဒနာ ကလေးတွေသာ မဟုတ်သေးဘူး၊ မှတ်နေတဲ့ သတိဉာဏ်ကလေးတွေကလဲ မှတ်သိပြီးယင်း ပျောက်သွားယင်း၊ မှတ်သိပြီးယင်း ပျောက်သွားယင်းနဲ့ ခဏမစဲ ဖြစ်ပျက်ပြီးတော့ မမြဲနေပုံတွေဟာ ထင်ရှားနေတယ်၊ ဥပမာအားဖြင့် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများကို မွေးညှပ်များ ဇာကနာများနဲ့ တပင်ချင်း ကိုက်ကိုက်ပြီး နှုတ်ပစ်နေရသလိုဘဲ၊ ကိုယ်ထဲက မခံသာတာကလေးက ပေါ်လာလိုက်ယင်း ဒီကမှတ်လိုက်ယင်း ပျောက်သွားလိုက်ယင်းနဲ့ဟာ၊ ဝေဒနာနဲ့ အမှတ် အသိ ကလေး တစုံ တစုံ တိကနဲ တိကနဲ ပြတ်ပြတ်ပြီး သွားတာကို အစဉ်အတိုင်း မှတ်သိပြီး လိုက်နေရတယ်၊

ယခု ပြောခဲ့တဲ့ ဝေဒနာသာ မဟုတ်သေးဘူး၊ ဝေဒနာမှ ထပါး မြင်တာတွေ ကြားတာတွေ ထိတာတွေ သိတာတွေ အစရှိတဲ့ ဒွါရ ၆-ပါးက ကျလာသမျှ အာရုံတွေကိုလဲ

http://www.dhammadownload.com



သူတို့ ကျလာတိုင်း ရှုမှတ်ပြီးတော့ သိနေရတယ်၊ အာရုံတခု က ကျလာလိုက်ယင်း အဲဒါကို ရှုမှတ်ပြီး သိလိုက်ယင်း သူက ပျောက်သွားပြန်ယင်း တခြားအာရုံက ပေါ်လာပြန်ယင်း အဲဒါကို ရှုမှတ်ပြီး သိလိုက်ပြန်ယင်း သူက ပျောက်သွားပြန်ယင်းနဲ့ ဒီလို မပြတ်မစဲ ရှုမှတ်ပြီး တသိထဲ သိနေရတယ်။ ရုပ်ဘဲဖြစ်ဖြစ်၊ ဝေဒနာ သညာ သင်္ခါရဘဲဖြစ်ဖြစ်၊ ဝိညာဏ်ဘဲဖြစ်ဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်းကို အမေ့ အလွတ် မရှိဘဲ အကုန်လုံး အမှတ်ရပြီး သိနေရတယ်၊ ငါ့မှာ မသေခင် အတွင်းကလေး ဒီတရားကို အားထုတ် နေရတာဘဲ၊ တရားထူးကို မရသေးမချင်း ငါ ဒီတရားကို လက်လွှတ်လို့တော့ မဖြစ်ဘူး။ မပြတ်မစဲ အမေ့အလွတ်မရှိဘဲ တမှတ်ထဲမှတ်နေမှဘဲလို့ နှလုံးသွင်းပြီးတော့ မပြတ် မှတ်နေရတယ်။ ဒီလို တမှတ်ပြီး တမှတ် ဆင့်ကာ ဆင့်ကာ မေ့လျော့ခြင်း ရပ်နားခြင်း မရှိဘဲ အမှတ်ရပြီး သိနေတာကို အကျိုးသတိလို့ ခေါ်တယ်။ ဒီလို မပြတ် အမှတ်ရပြီး သိနေတာကိုဘဲ ရည်ရွယ်ပြီးတော့ သူ့ဂါထာကလေးထဲမှာ ကာလော မေ နပမဇ္ဇိတုံ လို့ ဆိုထားတယ်။ မဂ်ဖိုလ်ရောက်သည့် တိုင်အောင် မမေ့မလျော့ မပြတ် မစဲ ရှုမှတ်ပြီးနေဘို့ အချိန်ဘဲတဲ့။ ဒီလို မပြတ်မစဲ ရှုမှတ်နေယင်း အဲဒီအမှတ်သတိကလေးတွေဟာတဆင့်ထက်တဆင့် မြင့်မြင့်ရင့်ရင့်ပြီး နောက်ဆုံးကျတော့ ဒီလို မှတ်နေယင်း မှတ်နေယင်းထဲကဘဲ၊ မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်သင်္ခါရ ဆင်းရဲတွေ လုံးဝချုပ်ငြိမ်းသွားတဲ့ နိဗ္ဗာန်တရားထဲကိုမဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ ဝင်ရောက်ပြီးတော့ မျက်မှောက် ပြုသွားတယ်။ အဲဒီလို ရောက်သွားသည့်တိုင်အောင်

http://www.dhammadownload.com



ဥတ္တိယမထေရ်က သူကိုယ်တိုင်လဲ အားထုတ်ခဲ့ပြီ၊ တခြား ပုဂ္ဂိုလ်များလဲ သူလိုဘဲ အားထုတ်သင့်တယ် ဆိုတာကို ပေါ် ပြပြီးတော့ အဲဒီဥတ္တိယမထေရ်က ဥဒါန်းကျူးဆိုတဲ့ ဂါထာ တဲ့။

အာဗာဓေ မေ သမုပ္ပန္နေ၊
သတိ မေ ဥဒပဇ္ဇထ။
အာဗာဓော မေ သမုပ္ပန္နော၊
ကာလော မေ နပမဇ္ဇိတုံ။

မေ၊ ငါအား၊ အာဗာဓေ၊ မကျန်းမာမှု ရောဂါ ဝေဒနာ သည်၊ သမုပ္ပန္နေ၊ ဖြစ်ပေါ်၍ လာလတ်သော်၊ သတိ၊ အမှတ် ရမှု သတိသည်၊ မေ၊ ငါအား၊ ဥဒပဇ္ဇထ၊ ဖြစ်ခဲ့လေပြီ၊ ကိန္တိ၊ ဘယ်လိုဖြစ်သနည်း ဟူမူကား၊ မေ၊ ငါ၏ သန္တာန်၌၊ အာဗာဓော၊ မကျန်းမာ ရောဂါဝေဒနာသည်၊ သမုပ္ပန္နော၊ ဖြစ်ပေါ်၍ လာခဲ့လေပြီ၊ ဣမိနာ၊ ဝ အာဗာဓေန၊ ဤရောဂါ ဖြင့်ပင်လျှင်၊ မရဏံ၀ါပါပုဏေယျ၊ သေခြင်းသို့ ရောက်မှု လည်း ရောက်နိုင်ချေ၏၊ တသ္မာ၊ ထိုကြောင့်၊ ဣဒါနိ၊ ယခု၊ မေ၊ ငါအား၊ ပမဇ္ဇိတုံ၊ ရှုမှတ်မှုမရှိဘဲ မေ့လျော့၍ နေခြင်း ငှါ၊ နကာလော၊ အချိန်အခါ မဟုတ်ပေ၊ အထခေါ၊ အမှန် အားဖြင့်သော်ကား၊ နပမဇ္ဇိတုံ ကာလော၊ မမေ့ မလျော့ဘဲ တမှတ်ထဲ မပြတ် ရှုမှတ်သွားရမည့် အခါကာလ ပေတည်း၊ ဣတိ၊ ဤသို့ နှလုံးသွင်း ဆင်ခြင်လျက်၊ သတိ၊ အမှတ်ရမှု သတိသည်၊ ဥဒပဇ္ဇထ၊ ဖြစ်ခဲ့လေပြီတဲ့။

ယခု ဘုန်းကြီးက လူကိုယ်တိုင် မလာနိုင်တဲ့ အတွက် ဒီဂါထာကလေးဘဲ တရားလက်ဆောင် အဖြစ်နဲ့ အသံသွင်း

http://www.dhammadownload.com



ပြီး အသက်မြို့ရွာမှာ ရှိကြတဲ့ ဆိုင်ရာပုဂ္ဂိုလ်တွေ အားလုံး နာရ ကြားရအောင်လို့ ပေးပို့ သိုက်ရတယ်။ ဒီဩဝါဒ တရားကို နာကြားပြီး အမှတ်တရ အထူး သတိပြုစရာက တော့ လူ့ပြည် လောကထဲမှာ အတွင်းဝင်ပြီး နေတဲ့ သူမှန် ယင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဆိုတဲ့ ခန္ဓာ ငါးပါး ရုပ်နာမ် တရားတွေကို အမှီပြုပြီး နေကြရတာတွေ ချည်းဘဲ။ ဒီ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါး ရုပ်နာမ် တရားတွေကလဲ ဘာမှ အားကိုး လောက်တဲ့ တရားတွေ မဟုတ်ဘူး၊ အကြောင်း မညီညွတ် ဘူးဆိုယင် ဘယ်အချိန်မဆို ရောဂါဝေဒနာ စွဲကပ်ပြီးတော့ လူမမာကြီး ဖြစ်သွားနိုင်တာချည်းဘဲ။ ဒါကြောင့် အကယ်၍ မကျန်း မမာများ ဖြစ်လာမယ်ဆိုယင် ဒီ ဥတ္တိုသမထေရ်၏ ဥဒါန်းဂါထာအတိုင်း နှလုံးသွင်း အားထုတ်ပြီးတော့ အဆိုး ထဲက အကောင်းရအောင် အမြတ်ထုတ် တတ်ကြစေရမယ်။ အမြတ်ရအောင်ဟာ အဲဒီဖြစ်ပေါ်လာတဲ့ ဝေဒနာက စပြီး တော့ ဖြစ်တိုင်း ဖြစ်တိုင်း ရုပ်နာမ်ကလေးတွေကို ရှုးစိုက် ပြီး မပြတ် ရှုမှတ်သွားကြရုံပါဘဲ။ ဒီလို ရှုမှတ်ပြီး သွားယင် အဲဒီ အရှင်ဥတ္တိယမထေရ်များလိုဘဲ မကျန်း မမာ ဖြစ်နေ ယင်းက တရားထူးတရားမြတ်တွေကိုလဲရသွားနိုင်ပါတယ်။ တရားထူးကို မရတောင်မှ သမာဓိဉာဏ် အပယူးတွေကို တော့ သေသေ ချာချာ ရသွားနိုင်ပါတယ်။ ပြီးတော့ အဲဒီ ရှုမှတ်မှုထဲမှာ အမှတ်ရမှု သတိ သမ္ဗောဇ္ဈင် အစရှိသော ဗောဇ္ဈင်တရားတွေက ပါနေတဲ့အတွက် ရောဂါဝေဒနာလဲ ပျောက်သွားတတ်ပါတယ်။ လုံးဝ မပျောက်တောင်မှ သက် သာခွင့်ကိုတော့ သေသေ ချာချာဘဲ ရသွားနိုင်ပါတယ်။

(ဤနေရာတွင် မဟာစည် သတိပဋ္ဌာန် အရှုလုံးဆိုင်ရာ စည်းမျဉ်း ဥပဒေ ရေးဆွဲခြင်း ကိစ္စနှင့် စပ်၍ ၅-မိနစ်ခန့် ဟောပြောသေးသည်)။

ပြီးတော့ကာ အစဉ် ထာဝရ နှလုံးသွင်းဘို့ရာ အရေး အကြီးဆုံး အနေနဲ့ အထူးသတိပေးလိုတာကတော့ မိမိတို့ သန္တာန်မှာ ရှိပြီးနေကြတဲ့ သင်္ခါရ တရားတွေဟာ ဝယဓမ္မာသင်္ခါရာလို့ မြတ်စွာဘုရား ဟောကြားတော် မူခဲ့တဲ့ လူတိုင်း ပျက်စီးတတ်တဲ့ တရားတွေချည်းဘဲ။ ပကတိ လူတွေရဲ့ အထင် အမြင်ကတော့ ကိုယ့်သန္တာန်မှာ ရှိပြီး နေတဲ့ ရုပ်ကိုယ်ကြီးရော၊ စိတ်ကူးစဉ်းစား ကြံသိပြီးနေတဲ့ နာမ်တရားတွေရော၊ ဒါတွေကို ပျက်တတ်တယ်လို့ မထင် ကြဘူး။ အစဉ်ထာဝရ တည်မြဲတိုင်းဘဲ တည်နေတယ်လို့ ထင်နေကြတယ်။ ငါကောင် သတ္တဝါကောင် တယောက် ထည်း အနေနဲ့ တည်ပြီးတော့ ကောင်းစား ချမ်းသာ နေတယ်လို့ ဒီလို အထင် တွေရောက်နေကြတယ်။

သို့ပေမယ့် အမှန်အားဖြင့် ဆိုယင်တော့ ကိုယ်တွင်း သန္တာန်မှာ ရှိပြီးတော့နေတဲ့ ရုပ်တရား နာမ်တရားတွေ ဆိုတာက မျက်စိတမှိတ်, လျှပ်တပြက်ခန့် လောက်တောင်မှ မတည်တံ့ဘဲနဲ့ မပြတ်မစဲ ဖြစ်ပျက်ပြီးတော့ နေတယ်။ ခဏ တိုင်း ခဏတိုင်း ပျက်စီးပြီးတော့ နေတယ်။ ဘာမှ အား မကိုးလောက်တဲ့တရားတွေချည်းထဲဘဲ၊ ဒါကြောင့်အဲဒီအား မကိုးလောက်တဲ့ သင်္ခါရတရားတွေကို အထင်ကြီးပြီး အား ကိုး မှားမနေကြဘို့၊ ငါကတော့ ငယ်ပါသေးတယ်။ ကျန်းမာ ပါတယ်၊ မအိုနိုင် မနာနိုင် မသေနိုင်သေးပါဘူး စသည်ဖြင့် အားကိုးမှားပြီး မနေကြဘို့၊ အဲဒီလို အားကိုး မှားကြဘဲနဲ့

http://www.dhammadownload.com



အဲဒီ သင်္ခါရ တရားတွေကို ဘယ်အချိန်မဆို နာဖျားနိုင် သေနိုင်တဲ့ တရားတွေပါကလား၊ အင်မတန် ကြောက်စရာ ကောင်းတဲ့ တရားတွေပါကလားလို့ အမှန်အတိုင်း ထင်မြင် အောင် ဆင်ခြင် နှလုံး သွင်းပြီးသကာလ မိမိတို့ သန္တာန်မှာ ဒွါရ ၆-ပါးက ဖြစ်ပေါ်လာသမျှ ရုပ်နာမ်တွေကို အမှန် အတိုင်း သိအောင်လို့ အပ္ပမာဒ ခေါ်တဲ့ သတိတရားနဲ့ အမှတ်ချပြီး သကာလ မိမိတို့ လိုလားအပ်တဲ့ မဂ်, ဖိုလ် နိဗ္ဗာန် တရားထူး တရားမြတ်တွေကို လက်ဆုပ်, လက်ကိုင် ပိုင်ပိုင်ကြီး ရသွားသည် တိုင်အောင် အခွင့်သာတိုင်း ကြိုး စား အားထုတ်သွားကြဘို့ရာ ဘုန်းကြီးက အရေး အကြီး ဆုံး အနေနဲ့ အသူးဘဲ တိုက်တွန်းလိုက်ပါတယ်။

ယခု ဘုန်းကြီး တိုက်တွန်းတဲ့အတိုင်း မိမိတို့ သန္တာန်က ရုပ်, နာမ်, သင်္ခါရတွေ အပေါ်မှာ အားကိုး မမှားကြဘဲနဲ့ မပြတ်ဖြစ်ပျက်နေတဲ့ အဲဒီ ရုပ်,နာမ်,သင်္ခါရတွေကို အမှန် အတိုင်းသိအောင် အပ္ပမာဒခေါ်တဲ့သတိတရားဖြင့် အပြည့် အစုံ ရှုမှတ်နိုင်ကြ၍ ဆင်းရဲ ခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန် တရားတော် မြတ်ကြီးကို မိမိတို့ လိုလား အပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်စွာ ဆိုက် ရောက်၍ ချက်မှောက် ပြုနိုင်ကြပါစေ ကုန်သတည်း။

မဟာစည် ဆရာတော်၏ ရွှေဘိုသို့ နှုတ်ဆက်
တရားတော် ဤတွင် ပြီး၏။

---

ဘိုးသင် နှင့် ဦးအုန်းမောင်
သာသနာ့ရိပ်သာ
ကုတ်ကိုင်း- ရန်ကုန်မြို့။

http://www.dhammadownload.com

# အကြောင်းအရာ

ဗုဒ္ဓဘုရားရှင်၏ပရိယတ္တိ,ပဋိပတ္တိ,ပဋိဝေဓ သာသနာတော် ၃ရပ်တို့တွင် သင်ကြားလေ့လာအပ်သော ပရိယတ္တိသာသနာတော်သည် လိုရင်း မူလ အခြေခံဖြစ်သဖြင့် ပုဒ်,ပါဠိ,အက္ခရာ,သဒ္ဒါအနေအထား ချို့ယွင်း ပျက် ပြားမှုမရှိစေဘဲ တိကျမှန်ကန်သော မူကောင်းမူသန့်များကိုရရှိရန် နိုင်ငံ တော် ဗုဒ္ဓသာသနာ့အဖွဲ့ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မဆာဦးသွင်၊ နိုင်ငံတော် ဝန်ကြီးချုပ်ဦးနု၊ သာသနာရေး ဌာနဝန်ကြီး ဦးဝင်းစသော ပုဂ္ဂိုလ်ကြီး များ၏ လျှောက်ထားတောင်းပန်ချက်ဖြင့် "မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ် တော်ရ ညောင်ရမ်း ဆရာတော် အမှူးရှိသော ပိဋကတ္တယပါရဂူ,ဝိနယ ညူ,သီလဝန္တ,သိက္ခာကာမဖြစ်တော်မူကြသော ဆရာတော် သံဃာတော် အရှင်မြတ်များသည် ဆဋ္ဌသံဂါယနာတင်တော်မူကြပါကြောင်း။

ယင်းသို့ ပရိယတ္တိသာသနာတော် သန့်ရှင်း ထွန်းကားရေး အတွက် ဆဋ္ဌသံဂါယနာ တင်တော်မူဆဲတွင် နိုင်ငံတော် အရပ်ရပ်၌ ကျင့်သုံး အားထုတ်ကြသော "ပဋိပတ္တိ လုပ်ငန်းစဉ်" နည်းကောင်း နည်းသန့် များကို ထုတ်ဖော် ဖြန့်ဖြူးသင့်သည် ဖြစ်ရာ၊ ကျေးဇူးရှင် မဟာစည်ဆရာ တော် ဘုရားကြီး၏ 'ဝိပဿနာ အလုပ်ပေးတရားတော်ကြီး' ခေါ် ပဋိပတ္တိ လုပ်ငန်းစဉ် ကဝ်ထူဖုံး စာအုပ်များကို ပေါင်းစုရ၍ လှူဒါန်းကြပါသည်။

(၁) ၁၃၁၆-ခု တပို့တွဲ လပြည့်ကျော် ၇-ရက်နေ့ ဒုတိယ သန္နိပါတတွင် စာအုပ်ရေ .... .... .... ၆၅၀

(၂) ၁၃၁၇-ခု ကဆုန် လပြည့်နေ့ တတိယ သန္နိပါတတွင် စာအုပ်ရေ .... .... .... ၇၈၅

(၃) ၁၃၁၇-ခု တန်ဆောင်မုန်း လပြည့်ကျော် ၁၅-ရက် စတုတ္ထသန္နိပါတတွင် စာအုပ်ရေ.... .... ၁၁၀၈

(၄) ၁၃၁၇-ခု တပေါင်းလ ပဉ္စမ သန္နိပါတ စသောနေ့တွင် လှူဒါန်းရန် စာအုပ်ရေ ... .... .... ၁၀၀၁

တို့ကို သံဂီတိကာရက သံဃာတော်အရှင်မြတ်များနှင့် ရန်ကုန်မြို့သာသနာ့ ရိပ်သာနှင့် အမြို့မြို့ သာသနာ့ ရိပ်သာခွဲများတွင် တရား အားထုတ်တော် မူကြသော သံဃာတော်အရှင်မြတ်တို့အား ဓမ္မဒါနအနေအားဖြင့်လှူဒါန်း ဆက်ကပ်ခဲ့ပြီး ဖြစ်ပါကြောင်း။

http://www.dhammadownload.com

ပဋ္ဌမအကြိမ် သန္နိပါတစသော တပေါင်းလတွင်လှူဒါန်းရန် စာအုပ်ရေ ၁၀၀၀-ကို ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် အကျိုးတော်ဆောင် "ဝိဇ္ဇာလက်ာရ ဆရာတော် ဦးဝိသုဒ္ဓ" ထံတွင် ရေစက် သွန်းချ၍ လှူဒါန်းပြီး ဖြစ်ပါကြောင်း။

ဓမ္မဒါန ကောင်းမှုကို အစဉ် သတိရလျက် နှစ်သက်ဝမ်းမြောက်နိုင်ကြပါရန် စာရင်းရှင်းတမ်းကို "ရွှေဘိုသို့ နှုတ်ဆက် မိန့်ခွန်းတရားတော်" နှင့် ပူးတွဲရိုက်နှိပ်ထားပါကြောင်း။

---

၁၃၁၆-ခု တပို့တွဲလပြည့်ကျော် ၇-ရက်နေ့ ဒုတိယ သန္နိပါတတွင် စာအုပ်ရေ ၆၅၀-လှူဒါန်းသောအလှူရှင်များ—

၁။ ရန်ကုန်မြို့ အလုံ ကမ်းနားလမ်း ဗမာ့ လက်ရုံး ဒန်အိုးစက် ဦးအုန်းမောင် ညီများ

၂။ ရန်ကုန်မြို့ အလုံ ကမ်း နား လမ်း ဗမာ့ လက် ရုံး ဒန်အိုးစက် ဦးကန်ညွန့် ဇနီး မလှကြည်။

၃။ အောင်ဆန်းမြို့ ပြန် လည် ထူ ထောင် ရေး တပ် တပ်မဟာမှူး ဗိုလ်တိုက်စိုး ဇနီး မမြဖုံး။

http://www.dhammadownload.com

# ၁၃၁၇-ခု ကဆုန်လပြည့်နေ့

## (တတိယ သန္နိပါတတွင် စာအုပ်ရေ ၇၈၅)

## လှူဒါန်းသော အလှူရှင်များ

| ဦးရေ | အလှူရှင်အမည် | အုပ်ရေ |
|---|---|---|
| ၁။ | ကျောင်းကြီး သာသနာ့ရိပ်သာ ရှပ်ပုံရွာ မြိတ်မြို့ခရိုင် | ၇၀ |
| ၂။ | ဝိပဿနာနည်းပြ သာသနာ့ရိပ်သာအဖွဲ့ ၈-လမ်း ဖျာပုံမြို့ | ၃၀ |
| ၃။ | ဒေါ်မမ္မစာရီ ယောဂီဟောင်း သာသနာ့ရိပ်သာ ရန်ကုန်မြို့ | ၁၅ |
| ၄။ | ဦးဘကြီး အတွင်းဝန်ကလေး ဟိုက်ကုတ် ရန်ကုန်မြို့ | ၁၀ |
| ၅။ | ဦးမြတ်သိန်း-ဒေါ်ကြည်ကြည် ၂၁ ဒုတိယသော်မဆင်ရိပ်သာ | ၁၀ |
| ၆။ | ဦးကျင်စိန်-ဒေါ်ဖြစ်ရာ (ဒိုက်ဦးမြို့) သော်မဆင်ရိပ်သာ | ၁၀ |
| ၇။ | ဒေါ်ငွေကြည် ၇၁-၇၃ အိဒင်ဆင်လမ်း | ၁၀ |
| ၈။ | ဒေါ်မင်းကလေး၊ ဒေါ်ရင်ရင်၊ ဒေါ်တင်တင်၊ ၁၂၈ သော်မဆင်လမ်း ရန်ကုန်မြို့ | |
| ၉။ | ဒေါ်သန်းသန်း ၁၀-၁၂ သော်မဆင်ရိပ်သာ | ၁၀ |
| ၁၀။ | ဒေါ်လွှမ်နှင့်သားသမီးများ ၂၂-၂၄ ဒုတိယသော်မဆင် | ၁၀ |
| ၁၁။ | ဒေါ်လှိုင်နှင့်သမီးများ ၂၃-၂၄ ၎င်း။ | ၁၀ |
| ၁၂။ | ဒေါ်လွှမ် (ဒိုက်ဦးမြို့) ၂၁-ဒုတိယသော်မဆင်ရိပ်သာ | ၁၀ |
| ၁၃။ | ဒေါ်ကျင်ယုံနှင့် သားသမီးများ ၂၂-တာမွေလမ်း | ၁၀ |
| ၁၄။ | ဒေါ်နှင်းရီနှင့်သားသမီးများ ၂၂-မောင့်ပလဲဇင်းလမ်း | ၁၀ |
| ၁၅။ | ဒေါ်ဗုဒ္ဓစာရနှင့်မသန်း(ယောဂီဟောင်း) | ၁၀ |
| ၁၆။ | ဒေါ်မြညွှန့် ကျောက်တန်းမြို့ | ၁၀ |
| ၁၇။ | ဒေါ်ထားရှင် သား-မောင်လှသော်၊မောင်စံ(ဖ,ဆ,ပ,လ) | ၈၀ |
| ၁၈။ | ဒေါ်နှင်းရွှေ ၃၀ ကျောက်မြောင်းလမ်း | ၅ |
| ၁၉။ | ဒေါ်ဖွားသင် မြို့မရပ် ခရမ်းမြို့ | ၅ |
| ၂၀။ | မအုန်းကြည် မြို့မရပ် ခရမ်းမြို့ | ၅ |
| ၂၁။ | (မစ္စတာဒေါ်နင်း) ဦးသာထွန်းအောင်-ဒေါ်အမဲ သမီးဒေါ်လီ | ၅ |
| ၂၂။ | ဦးသန်းဇေ ၅ တာမွေလမ်း | ၅ |
| ၂၃။ | ဦးဘိုးဆိုင်-ဒေါ်ငွေရင် (ယောဂီဟောင်း) ရန်ကုန်မြို့ | ၅ |

http://www.dhammadownload.com

| ဦးရေ | အလှူရှင်အမည် | အုပ်ရေ |
|---|---|---|
| ၂၄။ | ဦးလူကလေး-ဒေါ်ခင်သီနှင့် သားသမီးများ ၁၃၀ သော်မဆင် | ၅ |
| ၂၅။ | ခင်မိမိ ၅၀ ရွှေဂုံတိုင်လမ်း | ၅ |
| ၂၆။ | မအုန်းခင် တရားလွှတ်တော်ချုပ် | ၅ |
| ၂၇။ | ကိုဟန်-မသန်းစိန် သာသနာ့ရိပ်သာစာရေးကြီး | ၃ |
| ၂၈။ | ဒေါ်ရင် သား ကိုခင်ထွေး ၁၃၄ သော်မဆင်လမ်း | ၃ |
| ၂၉။ | မိမိလေး သော်မဆင်လမ်း | ၃ |
| ၃၀။ | ဒေါ်လှတင် တောင်တွင်းကြီးဆရာမ | ၃ |
| ၃၁။ | အမေစိန် ယောဂီဟောင်း သာသနာ့ရိပ်သာ ရန်ကုန်မြို့ | ၃ |
| ၃၂။ | ရသေ့မ ဒေါ်ရှင် ၎င်း ၎င်း ၎င်း | ၃ |
| ၃၃။ | ဒေါ်မမွှေသီ ၎င်း ၎င်း ၎င်း | ၃ |
| ၃၄။ | မအမာ့ ၄၊ မိုလ်ချုပ်လမ်း | ၃ |
| ၃၅။ | သီလရှင်ဒေါ်သာမယ် (ယောဂီဟောင်း) ၎င်း | ၃ |
| ၃၆။ | ဒေါ်ဂုဏ ယောဂီဟောင်း ၎င်း ၎င်း | ၁ |
| ၃၇။ | မမေပု ယောဂီဟောင်း ၎င်း ၎င်း | ၂ |
| ၃၈။ | ဒေါ်စိန်းမြနှင့်သားသမီးများ ၄၀၉ အလုံ ကမ်းနားလမ်း | ၅ |
| ၃၉။ | ဦးကျော်သာ (ဟာသ်ာတ) သံနှင့်သစ်ကုန်သည်၉၂ပတ်လမ်း | ၅၀ |
| ၄၀။ | ဦးဝါလစ် စီမံအုပ်ချုပ်သူ သမ္မစိတ္တထရေဒင်လီမိတက် ၅၇၉-၅၈၁-ဒါလဟိုဇီလမ်း | ၅၀ |
| ၄၁။ | ဆရာဝန်ကြီးဦးဘသွင်-ဒေါ်စိန်စိန်နှင့်သားများ (စိတ္တဇဆေးရုံ) | ၅၀ |
| ၄၂။ | သွားပိုးကုပါရဂူ ဦးသာနှင့် (နှမ) ဒေါ်တင့်၊ဒေါ်ဆင့်၊ဒေါ်မြင့်၊ ကျောင်းဆရာမများ ၂၂၁-၂၂၃၊ အလုံ ကမ်းနားလမ်း | ၇၅ |
| ၄၃။ | ဒေါ်ရင်မေ၊ ဒေါ်သန်းမေနှင့်သမီးများ ကုန်သည် နံပါတ် ၅ ဝဂ်ဘာလမ်း | ၇၅ |
| ၄၄။ | ဦးတင်ဦး-ဒေါ်သက်တင်နှင့် သားသမီးများ ၁၇ ဒုတိယသော်မဆင်ရိပ်သာ | ၇၅ |
| ၄၅။ | ဗမာ့လက်ရုံး ဒန်အိုးစက် အလုံ ကမ်းနားလမ်း ရန်ကုန်မြို့ | ၇၅ |
| | ပေါင်း—၇၀၅ | |

http://www.dhammadownload.com

## စတုတ္ထနှင့် ပဉ္စမ သန္နိပါတများတွင် စာအုပ်ရေ ၂၁၀၀ ကို အမြိုမြို သာသနာ့ရိပ်သာခွဲများမှ အလှူရှင်များ။

## သရက်ခရိုင် မင်းလှမြို့၊ သာသနာ့ရိပ်သာ၊

| ဦးရေ | အလှူရှင်အမည် | | အုပ်ရေ |
|---|---|---|---|
| ၁ | ဦးပညာဒီပ | | ၅ |
| ၂ | ဦးတေဇိန္ဒ | | ၅ |
| ၃ | ဦးသော့ခင်နှင့်သားသမီးများ- မဟာစည်ဝိပဿနာနည်းပြဆရာ နယ်တိုယ်စားလှယ် | | ၅ |
| ၄ | ဦးစံရှိန်-ဒေါ်သိန်းဟန် | ပင်စင်စား | ၂၅ |
| ၅ | ဦးရိုး-ဒေါ်ချမ်း | ကုန်သည် | ၅ |
| ၆ | ဦးတင်ထပ်-ဒေါ်ခင် | ပင်စင်စား | ၅ |
| ၇ | ဦးထွန်းဖေ-ဒေါ်ဖွား | ။ | ၅ |
| ၈ | ဦးသာညွန့်-ဒေါ်ခင်မြင့် | ကျောင်းတကာ | ၅ |
| ၉ | ဆရာထ-ဒေါ်မိလေး | ကုန်သည် | ၅ |
| ၁၀ | ဦးစိန်-ဒေါ်ပို | ယာလုပ် | ၅ |
| ၁၁ | ဦးပေါ်လှ-ဒေါ်ခင် | ရွှေပန်းထိမ်ဆရာ | ၅ |
| ၁၂ | ဒေါ်မယ်တင် | ကုန်သည် | ၅ |
| ၁၃ | ဒေါ်လှဗိုင်းနှင့် တူမ | ။ | ၅ |
| ၁၄ | ဒေါ်ဖွားရှင် | ။ | ၅ |
| ၁၅ | ဒေါ်စန္ဒဝတီ | သီလရှင် | ၅ |
| ၁၆ | ဒေါ်အုန်းမေ | ကျောင်းဆရာမ | ၅ |
| ၁၇ | ဦးသစ်နှင့် သားသမီးများ | ကုန်သည် | ၅ |
| ၁၈ | ဦးဘဆိုင်နှင့် သားသမီးများ | အမိန့်တော်ရ ရှေ့နေ | ၅ |
| ၁၉ | ဒေါ်ကျော့နှင့် သားကိုအုန်းဖေ | ကုန်သည် | ၅ |
| ၂၀ | ဒေါ်ညွန့်နှင့် သားသမီးများ | ။ | ၅ |
| ၂၁ | ဒေါ်သန်းနှင့် ညီမများ | ။ | ၅ |
| ၂၂ | ဦးတင်ဦး-ဒေါ်နှင်း | ရှုံပိုင်ရှင် | ၅ |
| ၂၃ | ဦးညွန့်လှိုင်-ဒေါ်လှ | ပွဲစား | ၅ |
| ၂၄ | ဦးဘိုးမြစ်နှင့် သားသမီးများ | ပင်စင်စား | ၃ |
| ၂၅ | ဦးဆယ်-ဒေါ်သိန်းတင် | ပွဲစား | ၃ |

http://www.dhammadownload.com

| စဉ်ရေ | အလှူရှင်အမည် | | | အုပ်ရေ |
|---|---|---|---|---|
| ၂၆ | ဒေါ်ငွေဟန် | ကုန်သည် | | ၂ |
| ၂၇ | ဒေါ်စော | ။ | | ၂ |
| ၂၈ | ဒေါ်စမ်းမေ | ။ | | ၂ |
| ၂၉ | ဦးသက်ရှေ-ဒေါ်ရွှေအပ် | ပွဲစား | | ၂ |
| ၃၀ | ဦးလှမောင်-ဒေါ်လှရင် | ကုန်သည် | | ၂ |
| ၃၁ | ဦးမူ-ဒေါ်ကွန်း | ယာလုပ် | | ၂ |
| ၃၂ | ဒေါ်အေးသင်နှင့် သမီးများ | ကုန်သည် | | ၂ |
| ၃၃ | ဒေါ်စိန် | ။ | | ၂ |
| ၃၄ | ဦးထွန်းရှင်-ဒေါ်စောမြ | ယာလုပ် | | ၂ |
| ၃၅ | ဒေါ်ဆိုင် | ။ | ပတော်ပြင်ရွာ | ၁ |
| ၃၆ | ဦးသာအောင်-ဒေါ်ကြွယ် | ပွဲစား | | ၁ |
| ၃၇ | ဒေါ်ညိန်း | ကုန်သည် | | ၁ |
| ၃၈ | ဒေါ်ရှင် | ယာလုပ် | | ၁ |
| ၃၉ | ဒေါ်လှ | ။ | | ၁ |
| ၄၀ | ဦးပြုံ့-ဒေါ်စောအုံ | ပွဲစား | | ၁ |
| ၄၁ | ဦးလှမောင် | ရွှေပန်းထိမ်ဆရာ | | ၁ |
| ၄၂ | ကိုခင် | ယာလုပ် | မယ်ဇလီတောရွာ | ၁ |
| ၄၃ | မတင်ရွှေ | ။ | ပတော်ပြင်ရွာ | ၁ |
| ၄၄ | ဒေါ်အေးမိ | ဈေးသည် | ရွာတော်ရွာ | ၁ |
| ၄၅ | ဒေါ်ရွှေသဲ | ယာလုပ် | ကုန်းတန်းရွာ | ၁ |
| ၄၆ | ဒေါ်သက်စု | ။ | | ၁ |
| ၄၇ | ဦးဘိုးဟန်-ဒေါ်ငွေရှင် | ။ | | ၁ |
| ၄၈ | ဦးညိုကြီး-ဒေါ်စံရှင် | ။ | | ၁ |
| ၄၉ | ဦးတင်-မအေး | ကုန်သည် | ဘိုးကလေးမြို့ | ၁ |
| ၅၀ | ဦးရင်ကြီး-ဒေါ်အေးကွန့် | ယာလုပ် | | ၁ |
| ၅၁ | ဦးတိုး-မအေးမြိုင် | ။ | | ၁ |
| ၅၂ | ကိုနု၊ ကိုစိန် | ။ | | ၁ |
| ၅၃ | ဘိုးသင်-ဘွားညွန့် ယောဂီသာသနာ့ရိပ်သာ | | ရန်ကုန်မြို့ | ၁၂ |
| ၅၄ | ဟံသာဝတီသတင်းစာတိုက် ပါဠိဆရာ<br>ဦးသိန်းဟန် ဇနီး ဒေါ်ခင်မြိုင် | | ရန်ကုန်မြို့ | ၁၀ |
| ၅၅ | မဟန်တင့် ယောဂီ သာသနာ့ရိပ်သာ | | ရန်ကုန်မြို့ | ၁၀ |

http://www.dhammadownload.com


| ဦးရေ | အလှူရှင်အမည် | အုပ်ရေ |
|---|---|---|
| ၁ | ရွှေဘိုမြို့ခရိုင် ဝက်လက်မြို့ ဘုရားကြီးကျောင်းတိုက် သာသနာ့ရိပ်သာ ယောဂီများကောင်းမှု | ၂၀၀ |
| ၂ | မြိတ်မြို့ခရိုင် ပုလောမြို့ အနောက်ကျောင်း သာသနာ့ရိပ်သာအဖွဲ့ ယောဂီများကောင်းမှု | ၁၀၀ |
| ၃ | ဟင်္သာတမြို့ ပခန်းကျောင်း သာသနာ့ရိပ်သာအဖွဲ့ ယောဂီများကောင်းမှု | ၁၀၀ |
| ၄ | သရက်မြို့ခရိုင် ဆင်ပေါင်ဝဲမြို့ ငါန်းပြားရွာ မဟာစည်သတိပဋ္ဌာန် ဌာနခွဲ ယောဂီများကောင်းမှု | ၁၀၀ |
| ၅ | ဟံသာဝတီခရိုင် ကျောက်တန်းမြို့ မဟာဗောဓိ သာသနာ့ရိပ်သာ ယောဂီများကောင်းမှု | ၇၅ |
| ၆ | မြိတ်မြို့ခရိုင် တနင်္သာရီမြို့ သာသနာ့ရိပ်သာ ယောဂီများ ကောင်းမှု | ၅၇ |
| ၇ | ပေါင်းတည်မြို့ ဘွဲ့ပင်ကန် သာသနာ့ရိပ်သာ ယောဂီများ ကောင်းမှု | ၃၀ |
| ၈ | မြောက်ပိုင်းရှမ်းပြည်နမ့်ခမ်း ဆာလူနယ် မံာန်အောင်ကမ္မဋ္ဌာန်းဌာန ယောဂီများကောင်းမှု | ၂၅ |


## မိုးကုတ်မြို့ သာသနာ့ရိပ်သာ အလှူရှင်စာရင်း

| | | | |
|---|---|---|---|
| ၁ | ခရမ်း ဦးတိလောကနှင့် အဘဦးငွေခိုင်- ဒေါ်အေးလှ | | ၂၅ |
| ၂ | ဒေါ်ပွင့် | မိုးမိတ် | ၅ |
| ၃ | ဒေါ်ရင် | မိုးကုတ် | ၅ |
| ၄ | မသိန်းရင် | | ၅ |
| ၅ | ဒေါ်ခင်ညွှန့် | | ၅ |
| ၆ | ဦးစောမောင် ရိပ်သာမှူး | | ၅ |
| ၇ | ဒေါ်တင် ဆရာမကြီး | | ၅ |
| ၈ | ဒေါ်နန်းအောင် | | ၅ |
| ၉ | ဒေါ်နွန့် | | ၅ |
| ၁၀ | ညွှန့်ညွှန့် | | ၅ |
| ၁၁ | ဒေါ်မျှင် ညီမများ | | ၅ |
| ၁၂ | ဒေါ်သိန်းခင် | | ၅ |

http://www.dhammadownload.com

# မိုးကုတ်မြို့

| ဦးရေ | အလှူရှင်အမည် | အုပ်ရေ |
|---|---|---|
| ၁၃ | ဒေါ်သိန်းတင် | ၅ |
| ၁၄ | ဒေါ်သွယ် | ၅ |
| ၁၅ | မြင့်မြင့်ရီ | ၅ |
| ၁၆ | ဦးကြွယ်-ဒေါ်သီ | ၆ |
| ၁၇ | ကိုဘဝင်း | ၇ |
| ၁၈ | မသန်းရင် | ၅ |
| ၁၉ | ခင်မမ | ၃ |
| ၂၀ | ဒေါ်ရင် | ၃ |
| ၂၁ | ဒေါ်ခင်မြိုင် | ၃ |
| ၂၂ | ဒေါ်ဖွားမို ဆရာမကြီး | ၃ |
| ၂၃ | ဒေါ်ဖွားဦး | ၁ |
| ၂၄ | ဒေါ်ယုံ | ၁၀ |

---

## ဒိုက်ဦးမြို့ ကမ္မဋ္ဌာန်း ဌာနဆိုင်ရာ မဟာသတိပဋ္ဌာန် ယုဂန္ဓရဗုဒ္ဓာသာအသင်းကြီး အလှူရှင်စာရင်း

| | | |
|---|---|---|
| ၁ | ဦးသန့်-ဒေါ်စိန်ချစ် သမီးမသန်းမြ | ၅ |
| ၂ | ကိုအေးဖေ-မသန်းခင် တောအုပ် | ၅ |
| ၃ | ဒေါ်အေးပို၊ သမီး မရွှေအင် အထည်သည် | ၅ |
| ၄ | ရှုမဝ ပိုးထည်တိုက် | ၅ |
| ၅ | ဦးတန်-ဒေါ်သိန်းရီ ရွှေဆိုင် | ၅ |
| ၆ | မညို ညီအစ်မ တစု အထည်ဆိုင် | ၅ |
| ၇ | မတန် ။ | ၅ |
| ၈ | ဦးစိန်လေး- ဒေါ်စောရင် | ၅ |
| ၉ | ကိုအေးမြိုင်၊ မယုံလွမ်း | ၅ |
| ၁၀ | ဒေါ်ဖွား | ၅ |
| ၁၁ | ဒေါ်ခင် ပဲလှော်ဖို | ၅ |
| ၁၂ | ကိုဘိုနီ၊ မလှမေ အထည်သည် | ၅ |
| ၁၃ | ဦးထွန်း၊ ဒေါ်သန်းမြ ကံထရိုက် | ၅ |
| ၁၄ | ဦးပန်း၊ ဒေါ်မှန် | ၅ |

http://www.dhammadownload.com

# ဒိုက်ဦးမြို့

| ဦးရေ | အလှူရှင်အမည် | အုပ်ရေ |
|---|---|---|
| ၁၅ | မရင်မြ | ၅ |
| ၁၆ | ဒေါ်ထိုက် သားသမီး တစု ကုန်သည် | ၅ |
| ၁၇ | ဒေါ်သန်းကျယ် သူကြီး ကဘော် | ၅ |
| ၁၈ | မရှုပ ကမ္ဗဋ္ဌာန်းတိုက် | ၃ |
| ၁၉ | ဒေါ်ဗိန်ဥ | ၃ |
| ၂၁ | ဦးထွန်းမြိုင်၊ ဒေါ်ပွားတင် | ၃ |
| ၂၁ | ကိုမြမောင်၊ မမြရင် | ၃ |
| ၂၂ | ဦးစိန်လှ၊ ဒေါ်ဖွားခင် | ၃ |
| ၂၃ | မဒီပသိဂ္ဂီ ကမ္ဗဋ္ဌာန်းတိုက် | ၅ |
| ၂၄ | မဥတ္တရာ | ၂ |
| ၂၁ | မဓမ္မာ | ၂ |
| ၂၆ | ဒေါ်သုစာရီ | ၂ |
| ၂၇ | မသုခ | ၂ |
| ၂၈ | ကိုမောင်လွင်၊မအေးကြည် | ၂ |
| ၂၉ | မတာ ကျောင်းဆရာမ | ၂ |
| ၃၀ | ဦးဘသွင် သားသမီးတစု | ၂ |
| ၃၁ | ဒေါ်သွေး | ၂ |
| ၃၂ | ဦးလှမောင်၊ ဒေါ်ထွန်း တောခေါင်း | ၂ |
| ၃၃ | ဦးချစ်မောင်၊ဒေါ်လှရင် အထည်သည် | ၂ |
| ၃၄ | ဒေါ်သုမလာ ကမ္ဗဋ္ဌာန်းတိုက် | ၁ |
| ၃၅ | ဒေါ်ဝဏ္ဏ | ၁ |
| ၃၆ | ဒေါ်သုမန | ၁ |
| ၃၇ | ဒေါ်ကောသာ | ၁ |
| ၃၈ | ဒေါ်ပုည | ၁ |
| ၃၉ | ဒေါ်မွေစာရီ | ၁ |
| ၄၀ | ဒေါ်ခေမာစာရီ | ၁ |
| ၄၁ | ဒေါ်ကောသာ | ၁ |
| ၄၂ | ဒေါ်ပါရမီ | ၁ |
| ၄၃ | ဒေါ်ဇုန္န | ၁ |

http://www.dhammadownload.com

# ဒိုက်ဦးမြို့

| ဦးရေ | အလှူရှင်အမည် | အုပ်ရေ |
|---|---|---|
| ၄၄ | ကိုသန်း၊ မအုန်းလှ | ၁ |
| ၄၅ | ဦးဘရှင် | ၁ |
| ၄၆ | ဒေါ်ချစ် | ၁ |
| ၄၇ | ဒေါ်အေး | ၁ |
| ၄၈ | ဒေါ်စိန်ဖြူ | ၁ |
| ၄၉ | ဒေါ်ကျင်မြ | ၁ |
| ၅၀ | ဦးထွန်းတင် သူကြီး | ၁ |
| ၅၁ | ကိုဝမောင်မမြေ | ၁ |
| ၅၂ | မမြသိန်း | ၁ |
| ၅၃ | မညွန့်ရီ | ၁ |
| ၅၄ | ဒေါ်နှစ် | ၁ |
| ၅၅ | မမြရင် | ၁ |
| ၅၆ | မတင်ကြည် | ၁ |
| ၅၇ | မသန်းခင် | ၁ |
| ၆၈ | မလှတင် | ၁ |
| ၅၉ | မကျင်ခင် | ၁ |
| ၆၀ | မကြေည် | ၁ |
| ၆၁ | မသန်းမြ | ၁ |
| ၆၂ | ကြီးစိန် | ၁ |
| ၆၃ | မအမာ | ၁ |
| ၆၄ | ဒေါ်သောင် | ၁ |
| ၆၅ | ဒေါ်မြ | ၁ |
| ၆၆ | ဒေါ်ကဲ | ၁ |
| ၆၇ | ဒေါ်မြခင် အထည်သည် | ၁ |
| ၆၈ | မတင်ရွှေ အထည်သည် | ၁ |
| ၆၉ | ဦးမောင်ကြီး ဒေါ်သိန်းတင် | ၁ |
| ၇၀ | ဦးသိမ်းမောင် | ၁ |
| ၇၁ | မချစ် မဆယ် | ၁ |
| ၇၂ | မလှကျင် အထည်သည် | ၁ |
| ၇၃ | မခင်ရီ မတင်တင် | ၁ |

http://www.dhammadownload.com

## ဒိုက်ဦးမြို့

| ဦးရေ | အလှူရှင်အမည် | အုပ်ရေ |
|---|---|---|
| ၇၄ | ဒေါ်ဘော် | ၁ |
| ၇၅ | ဒေါ်မြသွေး ဆရာပု | ၁ |
| ၇၆ | မလှရင် | ၁ |
| ၈၇ | ဒေါ်စော | ၁ |
| ၇၈ | မနှင်းမြ | ၁ |

---

## ဟံသာဝတီခရိုင် ကွမ်းခြံကုန်းမြို့ သာသနာ့ရိပ်သာ အလှူရှင် စာရင်း။

| | | |
|---|---|---|
| ၁ | သူဌေးဝါဒ ဆေးလိပ်ရုံ ယောဂီအမျိုးသမီးများ | ၁၅၀ |
| ၂ | ဦးသိန်းမောင်၊ဒေါ်တင်မေ သားသမီးတစု | ၂၅ |
| ၃ | ဒေါ်စော၊ ဒေါ်ခင်စော | ၆ |
| ၄ | ကိုခင်မောင်ဝင်း၊ မရီရီ၊ သား မောင်ထင်ဇော်ဝင်း- မောင်မျိုးမင်း၊ တာတာ၊ မောသန္တာဇင် ( ရန်ကုန်မြို့ ) | ၆ |
| ၅ | ဒေါ်ကျွေ၊ သားသမီးမြေးတစု ( ရန်ကုန် ) | ၅ |
| ၆ | ဦးဘဂမောင် သားသမီးတစု | ၅ |
| ၇ | ဘခင်ကြီး ဦးညိန်းအတွက် သမီးဒေါ်စိကာ | ၅ |
| ၈ | ဒေါ်အုန်းခင် သားသမီးတစု | ၅ |
| ၉ | ဦးဘကျော်၊ ဒေါ်ရင်မေ သားသမီး မြေးတစု | ၅ |
| ၁၀ | ပေရုံးရွာ ယောဂီများ | ၅ |
| ၁၁ | ကိုမြမောင်၊မအုန်းကြင် သား မောင်အေးကို၊မောင်အေးချို၊ | ၅ |
| ၁၂ | မရေဝါး၊ သမီး မရွှေခင် | ၅ |
| ၁၃ | မရွှေ၊ မအမာနှင့် မောင်များ | ၅ |
| ၁၄ | ဒေါ်ရွှေဂုံ သားသမီး မြေးတစု | ၅ |
| ၁၅ | ကိုစိန်လှ ဆန်ကုန်သည် | ၄ |
| ၁၆ | ဦးကျော်ဦး၊ ဒေါ်သိန်းညွန့် သားသမီးတစု | ၃ |
| ၁၇ | ကိုထွန်းကြည်၊ မလှတင်၊ သား မောင်အေးကြူ | ၃ |
| ၁၈ | ဦးအောင်ကွန်း၊ ဒေါ်ညီမ သားသမီးတစု | ၂ |
| ၁၉ | ဦးသာရင်၊ ဒေါ်သိန်းညွန့် ။ | ၂ |
| ၂၀ | ဦးကျော်မိတ်၊ဒေါ်ဖွားခင် ။ | ၂ |

http://www.dhammadownload.com

## ကွမ်းခြံကုန်းမြို့

| ဦးရေ | အလှူရှင်အမည် | | အုပ်ရေ |
|---|---|---|---|
| ၂၀ | ဒေါ်မှို | ။ | ၂ |
| ၂၂ | ဒေါ်ခင်သက်၊ ဒေါ်ခင်ရွက် | | ၂ |
| ၂၃ | ကိုမောင်စံ၊ မဒေးကြည် | | ၂ |
| ၂၄ | ကိုအုန်းမောင်၊မစောရီ၊ သမီး တင်ရွှေဦး | | ၂ |
| ၂၅ | ဦးစံအေး၊ ဒေါ်မြ | သားသမီးတစု | ၁ |
| ၂၆ | ဦးစံသိန်း | ။ | ၁ |
| ၂၇ | ကိုသော်၊ မစောညွန့် | ။ | ၁ |
| ၂၈ | ဦးတလုပ်မြူ | ။ | ၁ |
| ၂၉ | ဦးဘိုးချို | ။ | ၁ |
| ၃၀ | ကိုအောင်စိန်၊ ဒေါ်သင်း | | ၁ |
| ၃၁ | ကိုမောင်သန်း | | ၁ |
| ၃၂ | ဦးတိုး | ။ | ၁ |
| ၃၃ | ဒေါ်အေးညွန့် | ။ | ၁ |
| ၃၄ | ဒေါ်ဖွားရင် | ။ | ၁ |

---

## ရှမ်းပြည် မြောက်ပိုင်း နမ့်ခမ်းမြို့ မဟာစည်မဟာသတိပဋ္ဌာနကမ္မဋ္ဌာန်းတိုက် အလှူရှင်စာရင်း။

| | | |
|---|---|---|
| ၁ | ကွယ်လွန်သူ ဆရာဦးခွန်ဆန်အဘို့ရည်စူး၍လှူဒါန်းပါသည်။ | ၃ |
| ၂ | ပဋိပတ္တိ သာသနာ့နုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌ ဆရာဦးမြ၏ ကွယ်လွန်သူဇနီး ဒေါ်ခေါင်အဘို့ရည်စူး၍ လှူဒါန်းပါသည်။ | ၁ |
| ၃ | ကွယ်လွန်သူ ဦးစံညွန့်အဘို့ ရည်စူး၍ လှူဒါန်းပါသည် | ၁ |
| ၄ | ပဋိပတ္တိသာသနာ့နုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဆရာဦးမြ | ၁ |
| ၅ | ပဋိပတ္တိသာသနာ့နုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌဆရာဦးမြ၏ဇနီးဒေါ်ရွှေမြ | ၁ |
| ၆ | မသိန်းမြင့် | ၁ |
| ၇ | မောင်ထင်ပေါ် | ၁ |
| ၈ | မောင်ရွှေထွန်း | ၁ |

# နမ့်ခမ်းမြို့

| ဦးရေ | အလှူရှင်အမည် | | အုပ်ရေ |
|---|---|---|---|
| ၉ | မောင်လှမောင် | | ၁ |
| ၁၀ | မခင်ညွန့် | | ၁ |
| ၁၁ | မမြင့်စိန် | | ၁ |
| ၁၂ | မမြင့်အေး | | ၁ |
| ၁၃ | မောင်သန်းညွန့် | | ၁ |
| ၁၄ | မသိန်းညို | | ၁ |
| ၁၅ | ဒေါ်ခွန်ဆန် | | ၁ |
| ၁၆ | မောင်စောလှ | | ၁ |
| ၁၇ | မခမ်းကြာ | | ၁ |
| ၁၈ | မမြကြည် | | ၁ |
| ၁၉ | မခင်ရီ | | ၁ |
| ၂၀ | မောင်ကျော်ထင် | | ၁ |
| ၂၁ | မောင်အေးကျော် | | ၁ |
| ၂၂ | မမြအောင် | | ၁ |
| ၂၃ | မစန်းကြည် | | ၁ |
| ၂၄ | ဒေါ်မိုင်ခမ်းနှင့် သားသမီးတစု | | ၁ |
| ၂၅ | ဒေါ်ခွန်လိတ်နှင့် သားသမီးတစု | | ၁ |
| ၂၆ | ဒေါ်ထီးဆိုင် | ဈေးချိုရပ် | ၁ |
| ၂၇ | ဒေါ်ရွက်ဆိုင် | ။ | ၁ |
| ၂၈ | ဒေါ်ရွက်ငင်း နောင်ခွန်နှင့် သားသမီးတစု | | ၂ |
| ၂၉ | ဒေါ်မန်ဆိုင် | ဈေးချို | ၁ |
| ၃၀ | ဦးဆွယ်ခမ်းပုံညာ | နမ့်တီး | ၁ |
| ၃၁ | ဦးရွှေကျောင်း | ကောင်းနောင်မို | ၂ |
| ၃၂ | ဦးထီးဆိုင် | ဟိုနောင် | ၁ |
| ၃၃ | ဦးရွက်ခမ်း | ပန်ပွဲ | ၁ |
| ၃၄ | ဒေါ်ကောင်းမှူး | ကုံးလော | ၁ |
| ၃၅ | ဒေါ်ဆွယ်ငင်း | ကောင်းနောင်မို | ၁ |
| ၃၆ | ဒေါ်လွယ်နားဆိုင်း | ။ | ၁ |
| ၃၇ | ဒေါ်ထီးခမ်း | ဟိုနောင် | ၁ |

http://www.dhammadownload.com

# နမ့်ခမ်းမြို့

| ဦးရေ | အမှုရှင်အမည် | | အုပ်ရေ |
|---|---|---|---|
| ၃၈ | ဦးရွက်ခမ်းပန့် | ။ | ၁ |
| ၃၉ | ဒေါ်ရွက်ငင်း | ။ | ၁ |
| ၄၀ | ဦးမိုင်ခမ်း | ပေါက်လုံ | ၁ |
| ၄၁ | ဒေါ်ရွက်ငင်းမန့်အိုင် သားသမီးတစု | ဟိုနောင် | ၅ |
| ၄၂ | ဒေါ်ခမ်းဟိန်း | ပေါက်တင်မ | ၁ |
| ၄၃ | ဒေါ်မောက်ခမ်း | နမ့်တီးရွာ | ၂ |
| ၄၄ | ဒေါ်မောက်ဆိုင် | ခုန်နမ့် | ၁ |
| ၄၅ | ဒေါ်ရွက်ဆိုင် ပန်လုံ ကြောင်းနောင်မိုသားသမီးတစု | | ၅ |
| ၄၆ | ဒေါ်ယေး | ပေါက်နေ | ၁ |
| ၄၇ | ဒေါ်စန်ခမ်း | နမ့်တီး ကောင်းနောင်မို | ၂ |
| ၄၈ | ဒေါ်ရွက်ခမ်း ပူဆိန် | ။ | ၁ |
| ၄၉ | ဒေါ်ယေး | နမ့်တီးရွာ | ၃ |
| ၅၀ | ဒေါ်ယွက်ဟိန်း | ဟိုနောင် | ၁ |
| ၅၁ | ဒေါ်ငင်းရွက် | ပေါက်တင်မ | ၁ |
| ၅၂ | ဦးဆွယ်ခမ်းပေါ်ဖိုး | နမ့်တီးရွာ | ၁ |
| ၅၃ | ဦးဆွယ်ခမ်းဟိန်း၊ထွန်းလှိုင် | ။ | ၁ |
| ၅၄ | ဒေါ်မန်စီ | ။ | ၁ |
| ၅၅ | ဒေါ်မောက်ငင်းစင် | ။ | ၁ |
| ၅၆ | ဦးမိုင်ငင်းနှင့် သားသမီးတစု | ။ | ၃ |
| ၅၇ | ဦးမိုင်ဆိုင် | ။ | ၁ |
| ၅၈ | ဦးရွက်ခမ်းပန့် | ။ | ၁ |
| ၅၉ | ဦးခမ်းလိုင် | ။ | ၁ |
| ၆၀ | သူကြီး | ။ | ၁ |
| ၆၁ | ဦးကန့်ခမ်း | ။ | ၅ |
| ၆၂ | ဦးဆိုင်ဟိန်း | ။ | ၃ |
| ၆၃ | ဆရာဦးခမ်းဆွယ်နှင့် အိမ်သားတစု | ။ | ၅ |
| ၆၄ | ဦးခမ်းဆိုင် | ။ | ၁ |
| ၆၅ | ဒေါ်နန်းအောင် ကောင်းနောင်မို | နမ့်ခမ်း | ၁ |
| ၆၆ | ဦးဘိုးယွန်း ဘီ-အိုင်-စီ | ။ | ၁ |

http://www.dhammadownload.com

# နမ့်ခမ်းမြို့

| ဦးရေ | အလှူရှင်အမည် | | အုပ်ရေ |
|---|---|---|---|
| ၆၇ | ဒေါ်မြအောင် | | ၁ |
| ၆၈ | မောင်ကျော်ခင် | | ၁ |
| ၆၉ | မမြအေး | | ၁ |
| ၇၀ | မောင်ဘိုးတုတ် | | ၁ |
| ၇၁ | မငွေး | | ၁ |
| ၇၂ | မောင်ဆမ် | | ၁ |
| ၇၃ | မငယ် | | ၁ |
| ၇၄ | မခင်နု | | ၁ |
| ၇၅ | မသိန်းရွှေ | | ၁ |
| ၇၆ | ရှမ်းပြည်နယ် ကောင်စီ အတွင်းဝန်မင်း ဦးဆန်ဆမ်နှင့် သားသမီးအိမ်သားတစု | တောင်ကြီး | ၄ |
| ၇၇ | ဦးစားဆိုင် | မန့်နောင်ရွာ | ၂ |
| ၇၈ | ဒေါ်ငင်းဟောင်း | ။ | ၁ |
| ၇၉ | ဦးမန်ခမ်း | ။ | ၁ |
| ၈၀ | ဦးရွက်ငင်း | ။ | ၁ |
| ၈၁ | ဦးမိုင်ဆိုင် | | ၁ |
| ၈၂ | မပြင်း | | ၁ |
| ၈၃ | ဦးဆွယ်ဆိုင် မိသားတစု | ကောင်းနောင်မို | ၃ |
| ၈၄ | ကိုရွက်ဆိုင် ဈေးတန်း | | ၁ |
| ၈၅ | ဒေါ်ခင် | ။ | ၁ |
| ၈၆ | မောင်အိုက် | ။ | ၁ |
| ၈၇ | ဦးအူဟိန်း | ပေါက်လုံ | ၁ |
| ၈၈ | နိုင်းအူဟိန်း | ။ | ၁ |
| ၈၉ | ဒေါ်ရွက်ခမ်းမြီးထွန်း | ပေါက်နေ | ၁ |
| ၉၀ | ဦးမိုင်ခမ်း | ကောင်းနောင်မို | ၁ |
| ၉၁ | ဒေါ်မိုင်ခမ်း | ။ | ၁ |
| ၉၂ | မောင်ထွန်းစိန် | ။ | ၁ |
| ၉၃ | မောင်စော | ကောင်းနောင်မို | ၁ |
| ၉၄ | ဒေါ်လွယ်ခမ်းဟော | နောင်လောင်းရွာ | ၁ |
| ၉၅ | ဦးမောက်ခမ်းဆိုင် | နမ့်တီးရွာ | ၅ |

http://www.dhammadownload.com

# နမ့်ခမ်းမြို့

| ဦးရေ | အလှူရှင်အမည် | | အုပ်ရေ |
|---|---|---|---|
| ၉၆ | ဒေါ်မောက်ခမ်းဆိုင်နှင့် သားအမိတစု | | ၅ |
| ၉၇ | ဦးဘအို | | ၁ |
| ၉၈ | ဒေါ်သိန်း | | ၁ |
| ၉၉ | ဦးဆွဲမောင်နှင့် အိမ်သားတစု | | ၅ |
| ၁၀၀ | ဦးမန်ဆိုင်နှင့် အိမ်သားတစု | နောင်စန္ဒ | ၅ |
| ၁၀၁ | ဦးထန်းဆွယ် | ကောင်းမိုင်းရွာ | ၁ |
| ၁၀၂ | ဆရာဆန်ရီ | နောင်စန္ဒ | ၁ |
| ၁၀၃ | မခမ်း | ။ | ၁ |
| ၁၀၄ | မောင်အေးမောင် | ။ | ၁ |
| ၁၀၅ | မခမ်းမုန္ဒ | ။ | ၁ |
| ၁၀၆ | အိုက်ဆမ့် | ။ | ၁ |
| ၁၀၇ | အိုက်ဆိုင် | ။ | ၁ |
| ၁၀၈ | မပေါက်စလေး | ။ | ၁ |
| ၁၀၉ | မခမ်းမှုန် | ။ | ၁ |
| ၁၁၀ | မောင်ပု | ။ | ၁ |
| ၁၁၁ | မောင်အိုက် | ။ | ၁ |
| ၁၁၂ | ဦးဆိုင်ဝေါင်း အိမ်လုံးတစု | ပေါက်နေ | ၃ |
| ၁၁၃ | ဦးခမ်းစင် | ကောင်းနောင်မို | ၁ |
| ၁၁၄ | မမြအောင် | ။ | ၁ |
| ၁၁၅ | မောင်သန်းညွှာက် | ။ | ၁ |
| ၁၁၆ | မောင်စံထွန်း | ။ | ၁ |
| ၁၁၇ | မအေးတင်မြ | ။ | ၁ |
| ၁၁၈ | မောင်ကျော်အုန်း | ။ | ၁ |
| ၁၁၉ | မောင်ကျော်ညွှန့် | ။ | ၁ |
| ၁၂၀ | မောင်ကျော်ဟန် | ။ | ၁ |
| ၁၂၁ | ဦးခမ်းလိုင် အိမ်သားတစု | ကောင်းနောင်မို | ၂ |
| ၁၂၂ | ကိုဆန်ဆမ် | ဟိုနောင် | ၁ |
| ၁၂၃ | ဦးဆွယ်ခမ်းစင် | ကွန်ဟိုင်း | ၁ |
| ၁၂၄ | ဦးရွက်ငင်း အိမ်သားတစု | ဟိုနောင် | ၂ |
| ၁၂၅ | ဦးထီးဆိုင်၊ နောင်ဆိုင် | ကောင်းနောင်မို | ၁ |

http://www.dhammadownload.com

# နမ့်ခမ်းမြို့

| ဦးရေ | အလှူရှင်အမည် | | အုပ်ရေ |
|---|---|---|---|
| ၁၂၆ | ဦးမောက်ခမ်းစင် | ကွန်လုံ | ၁ |
| ၁၂၇ | ဒေါ်ဆွယ့်ခမ်း | ပေါက်တင်မဲ | ၂ |
| ၁၂၈ | ဦးငင်းတိန် အိမ်သားတစု | နမ့်တီး | ၅ |
| ၁၂၉ | ဦးဖဆန်ညီ | | ၁ |
| ၁၃၀ | ဒေါ်ရွက်ခမ်းမန့်အိုင် | ကောင်းနောင်မို | ၂ |
| ၁၃၁ | ဦးစာရေးဟိုပုံ | ပေါက်မန်နား | ၁ |
| ၁၃၂ | ဒေါ်စာရေးဟိုပုံ | " | ၁ |
| ၁၃၃ | ဒေါ်ဆွယ့်ဆိုင်မန့်အိုင် | ကောင်းနောင်မို | ၁ |
| ၁၃၄ | ဒေါ်မယ်အောင် | " | ၁ |
| ၁၃၅ | ဦးရွှေထီး | ဟိုနောင် | ၁ |
| ၁၃၆ | ဦးထိုင်း အိမ်သားတစု | နောင်ခမ် | ၁ |
| ၁၃၇ | ဦးမန်ဆိုင်အမှူးပြုသော အိမ်သားတစုံလုံး | ဈေးပိုင်း | ၂ |
| ၁၃၈ | ဦးဆွယ့်ခမ်း | နမ့်တီး | ၁ |
| ၁၃၉ | ဦးဆွယ်ငင်းကောင်းလွယ် | " | ၁ |
| ၁၄၀ | ဦးကန့်ခမ်း | " | ၁ |
| ၁၄၁ | ဒေါ်ကျောင်းငင်း | ငွမ်အင် | ၁ |
| ၁၄၂ | ဒေါ်ထီးငင်း | " | ၁ |
| ၁၄၃ | ဆရာဦးလွယ်ဟိန်း | ဈေးတန်း | ၁ |
| ၁၄၄ | ဒေါ်ခမ်းစင် | နမ့်တီး | ၁ |
| ၁၄၅ | ဦးရွက်ခမ်းဟိန်း | ပေါက်နေ | ၁ |
| ၁၄၆ | ဒေါ်ဆင် | နမ့်တီး | ၁ |
| ၁၄၇ | ဦးရွက်ဆိုင် | ကွန်ဟိုင်း | ၁ |
| ၁၄၈ | ဦးရွက်ငင်း | " | ၁ |
| ၁၄၉ | ဦးရွှေကျောင်း | " | ၁ |
| ၁၅၀ | ဦးရွှေထီး | " | ၁ |
| ၁၅၁ | ဦးဆွယ့်ဆိုင် | " | ၁ |
| ၁၅၂ | ဦးမန်စီ | ဟတ်ဟင် | ၁ |
| ၁၅၃ | ဦးရွက်ဆိုင် | နမ့်တီး | ၂ |
| ၁၅၄ | ဒေါ်ခမ်းစင်မန့်နောင် | | ၁ |
| ၁၅၅ | ဒေါ်ဆွယ့်ခမ်းဟိန်း | | ၁ |

http://www.dhammadownload.com

# နမ့်ခမ်းမြို့

| ဦးရေ | အကျွှရှင်အမည် | | အုပ်ရေ |
|---|---|---|---|
| ၁၅၆ | ဒေါ်ရွက်ဟိန်း | | ၂ |
| ၁၅၇ | ဒေါ်ခေးဆိုင် | | ၁ |
| ၁၅၈ | ဒေါ်ယက်ခမ်း | | ၁ |
| ၁၅၉ | ဒေါ်ငင်းတိန် | | ၁ |
| ၁၆၀ | ဒေါ်ဖဆွယ် | | ၁ |
| ၁၆၁ | ဒေါ်ရွက်ခမ်း | | ၁ |
| ၁၆၂ | ဒေါ်ဆွယ်ဆိုင် | | ၁ |
| ၁၆၃ | ဒေါ်ခမ်းဆိုင် | | ၁ |
| ၁၆၄ | ဒေါ်မောက်ခမ်း | ပေါက်လုံ | ၁ |
| ၁၆၅ | ဦးရွက်ခမ်း မိုင်းခတ် | | ၁ |
| ၁၆၆ | ဒေါ်ရွှေကျောင်း | ကောင်းနောင်မို | ၂ |
| ၁၆၇ | ဒေါ်ရွက်ငင်း | ပေါက်နေ | ၁ |
| ၁၆၈ | ဦးမိုင်းငင်း အိမ်လုံးတစု | ဟိုပုံ | ၂ |
| ၁၆၉ | ဦးရွှေထွန်း | ဈေးတန်း | ၁ |
| ၁၇၀ | ဦးစမ်းဆွယ် | ဟိုနောင် | ၂ |
| ၁၇၁ | ဒေါ်ရွက်ခမ်းယုန် | ပေါက်နေ | ၂ |
| ၁၇၂ | ဦးရွက်ခမ်းပေါ်မြ | ။ | ၂ |
| ၁၇၃ | ပေါက်နေ သူကြီး အိမ်သားတစု | | ၁ |
| ၁၇၄ | မမြရင် | ဗန်းမော်မြို့ | ၂ |
| ၁၇၅ | မစော | ဈေးချိုရပ် | ၂ |
| ၁၇၆ | မမြစိန် | ။ | ၂ |
| ၁၇၇ | ဒေါ်ဆွယ်ခမ်း | ကောင်းနောင်မို | ၂ |
| ၁၇၈ | ဒေါ်ရွက်ဆိုင်အုမ် | နမ့်တီး | ၁ |
| ၁၇၉ | ဦးရွက်ခမ်း အိမ်သားတစု | ဟိုနောင် | ၄ |
| ၁၈၀ | ဦးမိုင်ခမ်း | မန်နောင် | ၁ |
| ၁၈၁ | ဦးဆွယ်ဆိုင် | ။ | ၁ |
| ၁၈၂ | ဦးခန်စီ | ဈေးချိုရပ် | ၁ |
| ၁၈၃ | ဒေါ်မန်စီ | ။ | ၁ |
| ၁၈၄ | ဦးဆိုင်ခမ်းဟိန်း | | ၁ |
| ၁၈၅ | ဒေါ်ဆိုင်ခမ်းဟိန်း | | ၁ |

http://www.dhammadownload.com

# နမ့်ခမ်းမြို့

| ဦးရေ | အလှူရှင်အမည် | | အုပ်ရေ |
|---|---|---|---|
| ၁၇၆ | ဦးအောင်ကြည် | | ၁ |
| ၁၇၇ | ဒေါ်ဝရညာဏီ သီလရှင် | | ၅ |
| ၁၇၈ | ဒေါ်ဝိရိယ | 〃 | ၅ |
| ၁၇၉ | ဒေါ်အောင်ဇေယျ | 〃 | ၃ |
| ၁၈၀ | မထွန်း | 〃 | ၂ |
| ၁၈၁ | ဒေါ်စာရီ | 〃 | ၂ |
| ၁၈၂ | ဒေါ်ပညာ | 〃 | ၂ |
| ၁၈၃ | ဒေါ်သြဝါဒီ | 〃 | [illegible] |
| ၁၈၄ | ဒေါ်ဆိုရိယ | 〃 | ၁ |
| ၁၈၅ | ဒေါ်အေရိယ | 〃 | ၁ |
| ၁၈၆ | ဒေါ်အောင်မြင် | 〃 | ၁ |
| ၁၈၇ | ဒေါ်နန္ဒီ | 〃 | ၁ |
| ၁၈၈ | ဒေါ်ပညာဝတီ | 〃 | ၁ |
| ၁၈၉ | ဒေါ်ထန်းဆိုင် | ငှမ်အင်ရွာ | ၁ |
| ၂၀၀ | ဒေါ်ဆိုင်ခမ်းဟိန်း | 〃 | ၀ |
| ၂၀၁ | ပဋိပတ္တိ သာသနာ့နုဂ္ဂဟအဖွဲ့ အကျိုးဆောင် ဦးရွက်ဆိုင် | | ၂ |
| ၂၀၂ | ဒေါ်ခိုင်ငင်း | ပန်ပွဲ | ၅ |
| ၂၀၃ | ဒေါ်ရွက်ဆိုင် | ငှမ်အင် | ၁ |
| ၂၀၄ | ဦးခေးမိန်းခမ်း | | ၁ |
| ၂၀၅ | ဒေါ်ဆိုင်ခမ်းစင် | | ၁ |
| ၂၀၆ | ဦးမန်ဆိုင် | | ၁ |
| ၂၀၇ | မောင်စောဇိန် | | [illegible] |
| ၂၀၈ | ဒေါ်ရွက်ဟိန်းစံ | | ၃ |
| ၂၀၉ | ဒေါ်နွန်းလှနှင့် အိမ်သားတစု | | ၂ |
| ၂၁၀ | ဒေါ်နန်းခမ်း | | ၅ |
| ၂၁၁ | ကျန်းမာရေးဦးအောင်လှအဇနီး ဒေါ်ဟောင် | | ၅ |
| ၂၁၂ | ဒေါ်အင် | ပေါက်နောက် | ၁ |
| ၂၁၃ | မောင်အောင်မြတ် | 〃 | ၁ |
| ၂၁၄ | ဦးဆွယ်ငင်း သားသမီးတစု | ဈေးတန်း | ၂ |
| ၂၁၅ | ဦးဆွယ်ဆိုင် သားသမီးတစု | ပေါက်နေ | ၂ |

http://www.dhammadownload.com

# နမ့်ခမ်းမြို့

| ဦးရေ | အလှူရှင်အမည် | | အုပ်ရေ |
|---|---|---|---|
| ၂၁၆ | ဒေါ်ကန့်ဆိုင် | ငွမ်အင်ရွာ | ၂ |
| ၂၁၇ | ဒေါ်ထီးဆိုင် နောင်ဆိုင် | ကောင်းနောင်မို | ၁ |
| ၂၁၈ | ဦးဆွယ့်ဆိုင်၊ ဆန်ထွန်း | | ၁ |
| ၂၁၉ | ဒေါ်ဆွယ့်ဆိုင်၊ ဆန်ထွန်း | | ၁ |
| ၂၂၀ | ဒေါ်ဆွယ့်ခမ်းနှင့် အိမ်သားတစု | ဟိုနောင် | ၁၀ |
| ၂၂၁ | ဦးမိုင်ခမ်း | ဟိုနောင် | ၁ |
| ၂၂၂ | ဒေါ်ခမ်းလိုင် | ကောင်းနောင်မို | ၃ |
| ၂၂၃ | ဒေါ်ငင်းဆွယ့် | နမ့်တီး | ၁ |
| ၂၂၄ | ဦးဆွဲ့ခမ်းစိန္ဒာ | ကောင်းနောင်မို | ၁ |
| ၂၂၅ | ဒေါ်ဆွဲ့ခမ်း | ။ | ၁ |
| ၂၂၆ | မဟန်ကြည် | ။ | ၁ |
| ၂၂၇ | ဒေါ်အိန္ဒာ သီလရှင် | | ၁၈ |
| ၂၂၈ | ဒေါ်ခေမာ သီလရှင် | | ၇ |
| ၂၂၉ | ပဋိပတ္တိသာသနာ့နုဂ္ဂဟအဖွဲ့ ဒုဥက္ကဋ္ဌ ဦးလွယ်၏ဇနီး ဒေါ်လွယ်ခမ်းဟိန်း | | ၅ |
| ၂၃၀ | မမြဟန်နှင့် မိဘနှစ်ပါး | သိန္နီမြို့ | ၁၀ |
| ၂၃၁ | ဒေါ်ဆာအေး အိမ်သားတစု | | ၅ |
| ၂၃၂ | ဦးဘခင် အိမ်သားတစု | | ၅ |
| ၂၃၃ | ဒေါ်မိုင်ဟိန်း | မန်နောင်ရွာ | ၁ |
| ၂၃၄ | ဒေါ်ရွက်ခမ်းရွှေ အိမ်သားတစု | ကောင်းနောင်မို | ၁ |
| ၂၃၅ | ဒေါ်မြအိမ် | ကောင်းနောင်မို | ၂ |
| ၂၃၆ | ဦးဆွဲခမ်းဟိန်း | နမ့်တီးရွာ | ၂ |
| ၂၃၇ | ဦးဆွဲ့ခမ်း၊ ဆန်အိုက်ထွမ်း | ဟိုနောင် | ၂ |
| ၂၃၈ | နမ့်ခမ်း ပဋိပတ္တိသာသနာ့နုဂ္ဂဟအဖွဲ့ဒုဥက္ကဋ္ဌဦးလွယ်ခမ်းဟိန်း | | ၁၀ |
| ၂၃၉ | မမြအိမ် | နောင်စန့် | ၂ |
| ၂၄၀ | ဦးရွက်ခမ်း | နမ့်တီရွာ | ၁ |
| ၂၄၁ | ဒေါ်ဆွယ့်ဆိုင် | မိုင်းခွန် | ၅ |
| ၂၄၂ | ဒေါ်ဆွယ် ငင်း | ။ | ၅ |
| ၂၄၃ | ဦးရွက်ဆိုင် အိမ်သားတစု | နောင်စန့် | ၅ |
| ၂၄၄ | ဒေါ်မိုးခမ်း | ဓပါက်တင်မြဲ | ၁ |

http://www.dhammadownload.com

# နမ့်ခမ်းမြို့

| ဦးရေ | အလှူရှင်အမည် | | အုပ်ရေ |
|---|---|---|---|
| ၂၄၅ | ဦးခမ်းပေါင်း အိမ်သားတစု | | ၅ |
| ၂၄၆ | နိုင်းဖေါင်းမိန်း | ဈေးတန်း | ၁ |
| ၂၄၇ | မလှကြည် | ။ | ၁ |
| ၂၄၈ | ဦးမောက်ငင်း | ငွမ်အင်ရွာ | ၂ |
| ၂၄၉ | ဒေါ်လွယ်ဆိုင် | ဈေးပိုင်း | ၄ |
| ၂၅၀ | ဦးဆွယ့်ဆိုင် သံဖြူ | ဈေးတန်း | ၁ |
| ၂၅၁ | ဒေါ်ဆွယ့်ဆိုင် ။ | ။ | ၁ |
| ၂၅၂ | မအေးပွဲ | ။ | ၁ |
| ၂၅၃ | မောင်ဝင်း | ။ | ၁ |
| ၂၅၄ | မောင်စံပေါ် | ။ | ၁ |
| ၂၅၅ | ဦးရွက်ခမ်းနှင့် အိမ်သားတစု | ယိုကတ် | ၅ |
| ၂၅၆ | ဦးခမ်းလိုင် | ။ | ၁ |
| ၂၅၇ | ဦးရွက်ခမ်း | ကောင်းနောင်မို | ၂ |
| ၂၅၈ | ဒေါ်ဆွယ်ငင်း | ပေါက်လုံ | ၁ |
| ၂၅၉ | ဒေါ်ဆွဲ့ခမ်း | ။ | ၁ |
| ၂၆၀ | ဒေါ်ဆွဲ့ဆိုင် | ။ | ၁ |
| ၂၆၁ | ဦးခမ်းဟိန်း | | ၁ |
| ၂၆၂ | မစမ်းဆွဲ့ | ။ | ၁ |
| ၂၆၃ | ဦးဆွယ့်ငင်း | ခုန်နုင် | ၃ |
| ၂၆၄ | ဒေါ်ဆွဲ့ငင်း | ။ | ၃ |
| ၂၆၅ | ကိုမောက်ခမ်း | ။ | ၁ |
| ၂၆၆ | မောင်ကျော်စိန် | ။ | ၁ |
| ၂၆၇ | မောင်မြတ် | ။ | ၁ |
| ၂၆၈ | မောင်ပု | ။ | ၁ |
| ၂၆၉ | ဒေါ်ကန့်ငင်း | ဟိုနောင် | ၂ |
| ၂၇၀ | ဒေါ်ဆိုင်ဟိန်း | နမ့်တီးရွာ | ၁ |
| ၂၇၁ | ဒေါ်ရွက်ခမ်းဟိန်း | မန်နောင်ရွာ | ၁ |
| ၂၇၂ | ပေါက်မန်နား သူကြီးမင်း ဦးရွက်ဆိုင် | | ၂ |
| ၂၇၃ | ဒေါ်မန်ဆိုင့် ပွဲစား | | ၅ |
| ၂၇၄ | ဒေါ်နန်းထွမ်း | ပေါက်နေ | ၅ |

http://www.dhammadownload.com

# နမ့်ခမ်းမြို့

| ဦးရေ | အလှူရှင်အမည် | | အုပ်ရေ |
|---|---|---|---|
| ၂၇၅ | ဒေါ်ရွက်ငင်း | ဈေးပိုင်း | ၂ |
| ၂၇၆ | ဒေါ်မိုင်ခမ်းအောင် | | ၂ |
| ၂၇၇ | မသိန်းမြ | ကောင်းနောင်မို | ၁ |
| ၂၇၈ | ဟိုနောင် ပန်းထိမ်အိမ်သားတစု | ဟိုနောင် | ၅ |
| ၂၇၉ | ဦးရွက်ခမ်းဆိုင် | ကောင်းနောင်မို | ၁ |
| ၂၈၀ | ဦးလှ | ခုန်နန့် | ၁ |
| ၂၈၁ | ဒေါ်ခမ်းမုန့် | ။ | ၁ |
| ၂၈၂ | မောင်အုန်းခင် | ။ | ၁ |
| ၂၈၃ | မလွန်း | ။ | ၁ |
| ၂၈၄ | မစံဖုန်း | ။ | ၁ |
| ၂၈၅ | မလှညွန့် | ။ | ၁ |
| ၂၈၆ | မမြခင် | ။ | ၁ |
| ၂၈၇ | မောင်စိန်မြင့် | ။ | ၁ |
| ၂၈၈ | မောင်မျိုးမြင့် | ။ | ၁ |
| ၂၈၉ | မောင်လှမြင့် | ။ | ၁ |
| ၂၉၀ | ဒေါ်လွယ် | ဈေးချိုရပ် | ၁ |
| ၂၉၁ | ဒေါ်ကောင်းမူးအိမ်သားတစု | ပေါက်တင်မဲ | ၅ |
| ၂၉၂ | ဒေါ်ခမ်းဆွဲ့နောင်မိုင် | ဟိုနောင် | ၄ |
| ၂၉၃ | ဒေါ်လွယ် | ဈေးတန်း | ၁ |
| ၂၉၄ | ဒေါ်ခမ်းစင် | ငွမ့်အင်ရွာ | ၂ |
| ၂၉၅ | ဒေါ်ရင် | ဟိုနောင် | ၁ |
| ၂၉၆ | ဦးငင်းတိန် အိမ်သားတစု | ခုန်နမ့် | ၂ |
| ၂၉၇ | ဦးရွက်ခမ်းလျူ | ပေါက်နေ | ၂ |
| ၂၉၈ | ဒေါ်မိုင်ငင်း | ဟိုနောင် | ၂ |
| ၂၉၉ | ဦးခမ်းဟိန်း ဆန်ဆိုင် | ကောင်းနောင်မို | ၁ |
| ၃၀၀ | ဒေါ်ခမ်းဟိန်း၊ မစိန် | ။ | ၁ |
| ၃၀၁ | နိုင်းရွက်ဆိုင် | ဟိုကတ် | ၁ |
| ၃၀၂ | ဦးထီးဆိုင် | ။ | ၂ |

http://www.dhammadownload.com

သုဓမ္မာစာပုံနှိပ်တိုက်၊ ၂၇၁၊ လမ်း ၄၀၊ ရန်ကုန်မြို့။